ကြေးမုံ

The Mirror

၁၃၆၇ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက်၊ သောကြာနေ့၊ (17-6-2005) (၄၆၂၉)

ဖြတ်သန်းကြည့်ရှု

လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုဗဟိုအဖွဲ့ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ တာကော–ကျိုင်းတုံလမ်းပိုင်းကို ဖြတ်သန်းကြည့်ရှုကြစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ်တစ်ခွင် မြို့ကြီးများကို ဆက်စပ်ထားသည့် လမ်းကွန်ရက်တစ်ခု ဖြစ်လာခဲ့ပြီ တိုင်းရင်းသားလူမျိုးအားလုံး ကူးလူးယှက်နွယ်ပြီး တပေါင်းတစည်းတည်း ဖြစ်လာခြင်းဖြင့် ကိုလိုနီနယ်ချဲ့တို့၏ ဆိုးမွေများကို ပြည်ထောင်စုကြီးအတွင်းက အပြီးတိုင် ဖယ်ရှားနိုင်မည် ယုံကြည်

မိတ္ထီလာ–တောင်ကြီး–ကျိုင်းတုံ–တာချီလိတ် ပြည်ထောင်စုလမ်းမကြီး၏ တာကော–ကျိုင်းတုံလမ်းပိုင်း ကတ္တရာလမ်းသစ်ကို ရဟတ်ယာဉ်ပေါ်မှ တွေ့မြင်ရစဉ်။ (သတင်းစဉ်)

ကျိုင်းတုံ–တောင်ကြီး ပြည်ထောင်စုလမ်းမကြီးပေါ်မှ တာကော–ကျိုင်းတုံလမ်းပိုင်း အဆင့်မြှင့်တင်ဖွင့်လှစ်

ရန်ကုန် ဇွန် ၁၆

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရှမ်းပြည်နယ်(အရှေ့ပိုင်း)က တာဝန်ယူ ဆောင်ရွက်ပြီးစီးသည့် မိတ္ထီလာ–တောင်ကြီး–ကျိုင်းတုံ–တာချီလိတ် ပြည်ထောင်စုလမ်းမကြီး၏ တာကော–ကျိုင်းတုံလမ်းပိုင်း (ကျိုင်းတုံပိုင်း) ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၄ရက် နံနက် ၇နာရီခွဲတွင် ကျိုင်းတုံမြို့အဝင် ယန်းလောကျေးရွာအုပ်စု ကျိုင်းဖောင်းကျေးရွာရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ချီးမြှင့်ပြီး အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ တာကော–ကျိုင်းတုံလမ်းပိုင်း(ကျိုင်းတုံပိုင်း) ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ဘင်ခရာ၊ ပန်းဖွား၊ ကဗျာလွတ်အကနှင့် မင်္ဂလာစည်တော်အက အဖွဲ့ဝင်များ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအကအဖွဲ့ဝင်များနှင့် ဒေသခံ တိုင်းရင်းသားပြည်သူများ တက်ရောက်အားပေးကြသည်။

အစီအစဉ်အရ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် ရှမ်းပြည်နယ်အရှေ့ပိုင်း၏ မြို့တော် ကျိုင်းတုံမြို့နှင့် ရှမ်းပြည်နယ်တောင်ပိုင်း၏မြို့တော် တောင်ကြီးမြို့တို့ကို ဆက်သွယ်ပေးထားသည့် ပြည်ထောင်စုလမ်းမကြီးပေါ်က တာကော–မိုင်းပျဉ်း–ကျိုင်းတုံလမ်းပိုင်းကို အဆင့်မြှင့် ပြုပြင်ပေးခဲ့ပြီးဖြစ်ခြင်းကြောင့် ယခင်က ပြည်သူအများ ခက်ခဲပင်ပန်းစွာ သွားလာခဲ့ကြရသည့် ဤခရီးလမ်းသည် ယခု တောင်ကြီး–ကျိုင်းတုံကို နေ့ချင်းပေါက်သည်အထိ သိသိသာသာ ထူးထူးခြားခြား တိုးတက်ကောင်းမွန်လာခဲ့ပြီဖြစ်ကြောင်း၊ ဤအတွက် နိုင်ငံတော်အစိုးရအနေဖြင့် ဒေသခံပြည်သူများနှင့် ထပ်တူထပ်မျှ ဝမ်းသာပီတိ ဖြစ်ရပါသည်ဟု ဦးစွာ ပြောကြားလိုကြောင်း။ **စာမျက်နှာ ၇ ကော်လံ ၁ သို့** ❀

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၁၇–၆–၂၀၀၅
(သောကြာနေ့)

ပြည်ထောင်စုကြီးကို လက်ဆင့်ကမ်းကာကွယ်စောင့်ရှောက် ခေတ်မီနိုင်ငံတော်တည်ဆောက်ရေး မဆုတ်မနစ်ပါဝင်ကြိုးပမ်း

မြန်မာနိုင်ငံသည် ရေးရာစုနှစ်ပေါင်း များစွာကတည်းကပင် အချုပ်အခြာအာဏာပိုင် လွတ်လပ်သော နိုင်ငံတော်အဖြစ် ထည်ထည်ဝါဝါ ရပ်တည်လာခဲ့သည်။ တစ်ချိန်တွင် ကိုလိုနီနယ်ချဲ့တို့က ကျူးကျော်စစ်ပြု၍ သိမ်းပိုက်ခဲ့သဖြင့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ဆုံးရှုံးခဲ့ရဖူးသည်။ သို့သော် တိုင်းရင်းသားလူမျိုးများ၏ စုစည်းညီညွတ်သည့်အင်အား၊ ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် ကြိုးပမ်းစွမ်းဆောင်နိုင်ခဲ့၍ လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတော်အဖြစ် ပြန်လည်ရပ်တည်လာနိုင်ခဲ့သည်။

ထို့ကြောင့် နိုင်ငံတော်အတွက် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာသည် ပင်မအကျဆုံး ဘိုးဘွားအမွေအနှစ်ဖြစ်သည်။ ဤဘိုးဘွားအမွေအနှစ်များကို မျိုးဆက်သစ်တစ်ခုပြီးတစ်ခု လက်ဆင့်ကမ်းကာကွယ်စောင့်ရှောက်သွားရေးသည် နိုင်ငံသားအားလုံးက ပါဝင်ထမ်းဆောင်ကြရမည့် အမျိုးသားရေးတာဝန်ပင် ဖြစ်ပေသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာလေ့လာမှုသင်တန်း အမှတ်စဉ်(၈) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇွန်လ ၁၅ ရက်နေ့က မှော်ဘီမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း သင်တန်းကျောင်း ပြည်ထောင်စုခန်းမ၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် **“ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် သမိုင်းကပေးသော အမျိုးသားရေးတာဝန်များကို ထမ်းဆောင်ဖို့ ဖွဲ့စည်းဖြစ်ပေါ်လာသော အမျိုးသားရေးအင်အားစုကြီးဖြစ်ကြောင်း၊ ဤအမျိုးသားရေးအင်အားစုကြီးသည် ဘိုးဘွားအမွေအနှစ်ဖြစ်သည့် ပြည်ထောင်စုကြီးကို ကာကွယ်နိုင်စွမ်းရှိပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကို တည်ဆောက်နိုင်စွမ်းရှိရမည်ဖြစ်ကြောင်း”** မှာကြားသွားသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် အမျိုးသားရေးအင်အားစုကြီးဖြစ်သည်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်ရာတွင် အစိတ်အပိုင်းတစ်ခုအဖြစ် လက်တွေ့ပါဝင်လှုပ်ရှားဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် နိုင်ငံတော်၏ အဓိကလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေး၊ ဖွံ့ဖြိုးတိုးတက်သော အနာဂတ်ကို ဖန်တီးနိုင်ရေးနှင့် နိုင်ငံတော်အေးချမ်းတည်ငြိမ်ရေး ထိပါးနှောင့်ယှက်မှုများမှ ကာကွယ်နိုင်ရေးတို့အတွက် အစဉ်သတိပြု လုပ်ဆောင်လျက်ရှိသည်။

အနာဂတ် မြန်မာ့လူ့အဖွဲ့အစည်းတွင် တာဝန်ယူကြမည့် ယနေ့မျိုးဆက်သစ် လူငယ်များအနေဖြင့် ပြည်ထောင်စုကြီး၏တန်ဖိုးကို မြတ်နိုးအလေးထားကြရမည်ဖြစ်သည်။ နိုင်ငံတော် အချုပ်အခြာအာဏာ၏ တန်ဖိုး၊ ငြိမ်းချမ်းရေး၏ အနှစ်သာရတန်ဖိုးနှင့် ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်၏တန်ဖိုးတို့ကို ကောင်းစွာသိရှိပြီး ပြည်ထောင်စုကြီး ထာဝရအဓွန့်ရှည် တည်တံ့ခိုင်မြဲစေရေး ကာကွယ်တည်ဆောက်သွားကြရမည်ဖြစ်သည်။

ယင်းသို့ နိုင်ငံတော်ကို တည်ဆောက်ရာတွင် ကျစ်လျစ်သိပ်သည်းခိုင်မာသည့် အရည်အသွေး၊ အရည်အချင်း၊ စွမ်းရည်များနှင့် နိုင်ငံတော်က ချမှတ်ကျင့်သုံးနေသည့် အမျိုးသားရေးမူဝါဒနှင့် ကျင့်စဉ်၊ နိုင်ငံရေးလုပ်ငန်းစဉ်များနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို ကြိုးပမ်းဖော်ဆောင်သွားကြရမည် ဖြစ်သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးက လူငယ်များအား ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ရှင်သန်ဖွံ့ဖြိုးရေး၊ အမျိုးသားရေး လက္ခဏာများ ထိန်းသိမ်းရေးနှင့် ကျွမ်းကျင်မှုဆိုင်ရာ အရည်အသွေးမြင့်မားရေးအတွက် အသိပညာ၊ အတတ်ပညာ၊ သက်မွေးဝမ်းကျောင်းပညာနှင့် ခေတ်မီနည်းပညာများကို စဉ်ဆက်မပြတ် ပို့ချပျိုးထောင်ပေးလျက်ရှိသည်။

ယခုဖွင့်လှစ်လျက်ရှိသော မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာလေ့လာမှုသင်တန်းတွင် အမျိုးသားနိုင်ငံရေး၊ နိုင်ငံတော် လုံခြုံရေး၊ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက် အောင်မြင်မှုများနှင့် နိုင်ငံတကာရေးရာ ဘာသာရပ်များကို ဆွေးနွေးပို့ချမည်ဖြစ်သည်။ တစ်နည်းအားဖြင့် မြန်မာ့ရေးရာနှင့် ကမ္ဘာ့အခြေအနေကို အတိတ်၊ပစ္စုပ္ပန်၊ အနာဂတ် ကာလသုံးပါးနှင့် ဆက်စပ်လေ့လာခွင့်ရရှိကြမည် ဖြစ်သည်။

သို့ဖြစ်ရာ မျိုးဆက်သစ်လူငယ်များအနေဖြင့် နိုင်ငံတော်နှင့် အသင်းကြီးက အားထားရသည့် အမျိုးသားရေးအင်အားစုကြီးအဖြစ် နိုင်ငံတော်က စနစ်တကျ စုစည်းပျိုးထောင် လေ့ကျင့်ပေးမှုများနှင့်အညီ ဘိုးဘွားအမွေအနှစ်ဖြစ်သည့် ပြည်ထောင်စုကြီးကို လက်ဆင့်ကမ်းကာကွယ်စောင့်ရှောက်ရင်း ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်ရာတွင် မဆုတ်မနစ် ကြံ့ကြံ့ခိုင်ခိုင် ပါဝင်ကြိုးပမ်းသွားကြမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ရေး ပစ္စည်းများ ဝယ်ယူတင်သွင်းမည့် စာချုပ်နှစ်ရပ်ချုပ်ဆို

ကျိုင်းတောင်းရေအားလျှပ်စစ် စီမံကိန်းအတွက် တည်ဆောက်ရေးသုံးပစ္စည်းများ ဝယ်ယူတင်သွင်းမည့် စာချုပ်နှစ်ရပ်ကိုလျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံမှ China National Electric Equipment Corporation (CNEEC)နှင့် Zhejiang Orient Holdings Group Limited (ZOHG)တို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအစည်းအဝေး ခန်းမ၌ချုပ်ဆိုကြစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇွန် ၁၆

ကျိုင်းတောင်းရေအားလျှပ်စစ် စီမံကိန်းအတွက် တည်ဆောက်ရေးသုံးပစ္စည်းများ ဝယ်ယူတင်သွင်းမည့် စာချုပ်နှစ်ရပ်ကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ China National Electric Equipment Corporation (CNEEC) နှင့် Zhejiang Orient Holdings Group Limited (ZOHG) တို့သည် ယနေ့နံနက် ၁၀ နာရီတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ချုပ်ဆိုကြသည်။

အဆိုပါစာချုပ် ရေးထိုးချုပ်ဆိုပွဲ အခမ်းအနားသို့ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်နှင့် တာဝန်ရှိသူများ၊ ပစ္စည်းပေးသွင်းမည့် ကုမ္ပဏီနှစ်ခုမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ စာချုပ် နှစ်ရပ်အနက် CNEEC & ZOHG (Consortium) ဖြင့် ချုပ်ဆိုသော စာချုပ်မှာ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၅သန်း တန်ဖိုးရှိသည့် တာဘိုင်ဂျင်နရေတာ၊ ထရန်စဖော်မာစသည့် လျှပ်စစ်နှင့် စက်မှုဆိုင်ရာပစ္စည်းများ ပေးသွင်းရန်ဖြစ်သည်။

ဒုတိယစာချုပ်

CNEEC ဖြင့်ချုပ်ဆိုသော ဒုတိယစာချုပ်မှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၅သန်းတန်ဖိုးရှိသည့်ရေအားအဆောက်အအုံ သံထည်ပစ္စည်းများ ဝယ်ယူတင်သွင်းသည့် စာချုပ်ဖြစ်ပြီး ရေထိန်းတံခါးများ၊ ဖိအားမြှင့် သံမဏိပိုက်လိုင်းများ၊ ရေထိန်းဂိတ်ဗားများ၊ ရေတံခါးထိန်း သံပေါင်များ စသည်တို့ တင်သွင်းရန်ဖြစ်သည်။

အဆိုပါ ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းမှာ ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးခရိုင် မိုးနဲမြို့၏ အရှေ့မြောက်ဘက် မိုင် ၃၀ခန့်အကွာ နမ့်တိန်ချောင်းပေါ်ရှိ ကျိုင်းတောင်းရေတံခွန်အနီး၌ တည်ရှိသည်။ အဆိုပါ ရေအားလျှပ်စစ်စက်ရုံသည် ၁၈မဂ္ဂါဝပ်ရှိ စက်သုံးလုံး တပ်ဆင်၍ စက်တပ်ဆင်အင်အား ၅၄မဂ္ဂါဝပ် ရှိမည်ဖြစ်ကြောင်းနှင့် နှစ်စဉ်ပျမ်းမျှလျှပ်စစ်ဓာတ်အား ကီလိုဝပ် နာရီ သန်းပေါင်း၄၇၂သန်း ထုတ်လုပ်ဖြန့်ဖြူးပေးသွားမည် ဖြစ်ကြောင်းသိရှိရသည်။

အဆိုပါ ရေအားလျှပ်စစ်စက်ရုံ ပြီးစီးသွားပါက ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင်နှင့်လင်းခေးခရိုင်အတွင်းရှိ မြို့နယ်များသို့ ၁၃၂ကေဗွီ ဓာတ်အားလိုင်း မိုင် ၆၀ အပါအဝင် ဓာတ်အားလိုင်းများဖြင့် ဓာတ်အားပို့လွှတ် ဖြန့်ဖြူးပေးသွားမည်ဖြစ်ပြီး ပိုလျှံသော ဓာတ်အားများကို မဟာဓာတ်အားလိုင်း စနစ်သို့ ပို့လွှတ်ဖြန့်ဖြူးမည်ဖြစ်သည်။

(သတင်းစဉ်)

စာရေးကိရိယာနှင့် ပညာသင်စရိတ်ထောက်ပံ့

ရန်ကုန် ဇွန် ၁၆

ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ ဦးဆောင်မှု၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ အစီအစဉ်ဖြင့် တောင်ဥက္ကလာပမြို့နယ်၌ ကျောင်းနေအရွယ်ကလေးများအား စာရေးကိရိယာနှင့် ပညာသင်စရိတ်ထောက်ပံ့ခြင်းကို ဇွန် ၁၅ ရက် နံနက် ၉နာရီတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးမောင်မောင်အေးက အမှာစကားပြောကြားပြီး ဒေါက်တာဒေါ်ခင်လှရွှေနှင့် ဒေါက်တာ နိုင်အောင်ဝင်းတို့က ပညာပေးဟောပြောသည်။ ထို့နောက် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သန်းသန်းက ကျောင်းသုံးစာအုပ်နှင့်စာရေးကိရိယာများကို မြို့နယ်ပညာရေးမှူး ဒေါ်စိန်စိန်သို့ ပေးအပ်လှူဒါန်းသည်။ **(အပေါ်ပုံ)** (၆၃)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၇–၆–၂၀၀၅ (သောကြာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	ချစ်စရာ့ရွှေကျင်
၇း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၇း၂၅	တေးဂီတအစီအစဉ်
၇း၃၀	နိုင်ငံတကာမြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီး
၇း၄၀	အမှတ်(၃)သတ္တုတွင်းလုပ်ငန်းပြင်ပသွင်းကုန်အစားထိုး သံသတ္တုစပ်နှင့်သံမဏိသွန်းထည်
၇း၅၀	တေးဂီတအစီအစဉ်
၇း၅၅	ပြည်တွင်းသတင်းအကျဉ်း
၈း၀၀	မိုးလေဝသခန့်မှန်းချက်
၈း၀၅	ဖန်တီးသူတို့အနုပညာ
၈း၄၅	တေးဂီတအစီအစဉ်
၈း၅၀	ကုသမနွေး တီဘီဆေး
၉း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၀၅	ဂီတလွင်ပြင်
၉း၂၀	တေးဂီတအစီအစဉ်
၉း၂၅	ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် စပါးခွံဓာတ်ငွေ့သုံးစက်
၉း၃၅	သူ့ဘဝသူ့အနုပညာ (ရုပ်ရှင်တည်းဖြတ်ပညာရှင် ထပ်ဆင့်အကယ်ဒမီ ဦးမြင့်ခိုင်နှင့်တွေ့ဆုံခြင်း)
၁၀း၃၀	တေးဂီတအစီအစဉ်
၁၀း၃၅	မြန်မာ့ရိုးရာအင်္ဂတေနှင့်ခေတ်မီဘိလပ်မြေ
၁၀း၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၅	တေးဂီတအစီအစဉ်
၁၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ (၄) နာရီစာ အစီအစဉ်များကို ည (၂၃း၀၀)နာရီအထိ (၄) ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး သန့်ရှင်းရေးလုပ်ငန်းများတွင် လမ်းအလိုက်၊ ရပ်ကွက်အလိုက် ပါဝင်ဆောင်ရွက်ကြရေး စည်းရုံး ကျန်းမာရေးအသိပညာများ ပြည်သူလူထုအတွင်း ပြန်လည်ဖြန့်ဝေ

ရန်ကုန် ဇွန် ၁၆

ရန်ကုန်တိုင်း ကျန်းမာရေးကော်မတီနှင့် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ရန်ကုန်တိုင်း သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး လှုပ်ရှားမှုအခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း စံပယ်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ တက်ရောက်အားပေးချီးမြှင့်သည်။

အမှာစကား ပြောကြား

ရန်ကုန်တိုင်း ကျန်းမာရေး ကော်မတီနှင့် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်း ကျင်းပသည့် ရန်ကုန်တိုင်း သွေးလွန်တုပ်ကွေးရောဂါကာကွယ် နှိမ်နင်းရေးလှုပ်ရှားမှု အခမ်းအနား တွင် ရန်ကုန်တိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ကျန်းမာကြံ့ခိုင်ရေး

အခမ်းအနားတွင် ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကား ပြောကြားရာ၌ နိုင်ငံတော်၏ ဦးတည်ချက် (၁၂)ရပ်တွင် ပါရှိသည့် လူမှုရေး ဦးတည်ချက်များအနက် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး ဦးတည်ချက်အောင်မြင်အောင် အမျိုးသားကျန်းမာရေးကော်မတီ၏ ဦးဆောင်လမ်းညွှန်မှု၊ အမျိုးသားကျန်းမာရေး မူဝါဒများနှင့်အညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

သွေးလွန်တုပ်ကွေးရောဂါသည် မြန်မာနိုင်ငံ၌ ၁၉၆၈ နှင့် ၁၉၆၉ ခုနှစ်များမှ စတင်ဖြစ်ပွားခဲ့ပြီး ၁၉၇၅ ခုနှစ်တွင် အခြားတိုင်းနှင့် ပြည်နယ်များသို့ ကူးစက်ပျံ့နှံ့ခဲ့ကြောင်း၊ သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေး လုပ်ငန်းတွင် ပြည်သူလူထုက ကိုယ်တိုင်ပါဝင်ဆောင်ရွက်ခြင်းဖြင့် ရောဂါဖြစ်ပွားမှုနှုန်းကျဆင်းလာမှာဖြစ်ကြောင်း။

ရောဂါ ကာကွယ်ရေးအတွက် ရန်ကုန်မြို့တွင်း စနေနေ့တိုင်း ဆောင်ရွက်လျက်ရှိသည့် သန့်ရှင်းရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးလုပ်ငန်းများတွင် လမ်းအလိုက်၊ ရပ်ကွက်အလိုက် ပါဝင်ဆောင်ရွက်ကြရေး စည်းရုံးဆောင်ရွက်ကြစေလိုကြောင်း၊ ကျောင်းများကို ခြင်လောက်လန်းကင်းစင်သော ကျောင်းများဖြစ်အောင် ကျန်းမာရေး ဝန်ထမ်းများ၊ ပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း။

အတွင်း ပြန်လည်ဖြန့်ဝေပြီး ဆင့်ပွားပညာပေး စည်းရုံးဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် စီမံဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဂုဏ်ပြုဆု

ယင်းနောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌက ရန်ကုန်အနောက်ပိုင်းခရိုင် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး ဗဟုသုတ ဉာဏ်စမ်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဒေါ်စန်းစန်းရီ၊ ဒုတိယဆုရရှိသည့် ဒေါ်ဆွေဆွေလွင်နှင့် တတိယဆုရရှိသည့် ဒေါ်သိန်းသိန်းတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ရန်ကုန်အနောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နီနီစိန်က ရာသက်ပန်အသင်းဝင် အဆိုပြုလွှာ အစောင် ၁၂၅၀ကို ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာလှမြင့်အား ပေးအပ်သည်။

ဟောပြောဆွေးနွေး

ဆက်လက်၍ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးမှူး ဒေါက်တာလှမြင့်က ရန်ကုန်တိုင်းအတွင်းသွေးလွန် တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုလည်းကောင်း၊ ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးဒေါက်တာစောလွင်က သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရမည့်လုပ်ငန်းများနှင့်နည်းလမ်းများကိုလည်းကောင်း ဟောပြောဆွေးနွေးကြသည်။

ယင်းနောက် ရန်ကုန်အနောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ရန်ကုန်အနောက်ပိုင်းခရိုင် ဆေးရုံအုပ်ကြီး ဒေါက်တာဖေဝင်းက ပညာပေးဟောပြောကြသည့် ပုဂ္ဂိုလ်များအား အမှတ်တရ ဂုဏ်ပြုလက်ဆောင်များပေးအပ်သည်။

ကြည့်ရှုအားပေး

အခမ်းအနားအပြီးတွင် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးတို့သည် ခန်းမအတွင်းပြသထားသည့် ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများ၏ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးနှင့် ကျန်းမာရေးအသိပညာပေးလှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများနှင့် သရုပ်ပြကွက်များကို ကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးလှုပ်ရှားမှု အခမ်းအနားတွင် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး ရန်ကုန်အနောက်ပိုင်းခရိုင် သွေးလွန်တုပ်ကွေး ရောဂါ ကာကွယ်နှိမ်နင်းရေး ဗဟုသုတ ဉာဏ်စမ်းပြိုင်ပွဲတွင် ဆုရရှိသူ တစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ရန်ကုန်မြို့တော်ဝန်က ဦးဆောင်၍ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ပြည်သူလူထုလှုပ်ရှားမှုအသွင်ဖြင့် ၂၀၀၁ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့သကဲ့သို့ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ကလည်း ရောဂါကာကွယ်ရေးအတွက် ကျန်းမာရေးအသိပညာပေးခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ၌ အသင်းဝင်များအား ပါဝင်ဆောင်ရွက်စေခြင်းနှင့် နေ့ကလေးထိန်းကျောင်းများ၌ ဆေးစိမ်ခြင်ထောင်များ လှူဒါန်းခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ပညာပေးစည်းရုံး

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် ကျန်းမာရေး ဝန်ထမ်းများ၊ ပညာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်း လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများအနေဖြင့် ကျန်းမာရေးအသိပညာများကို ပြည်သူလူထု

မြန်မာအမျိုးသမီးဘောလုံးအသင်း အုပ်စု ဒုတိယဖြင့် ကွာတားဖိုင်နယ်တက်

ရန်ကုန် ဇွန် ၁၆

၂၀၀၅ ခုနှစ် အာရှအမျိုးသမီးဘောလုံးပြိုင်ပွဲ ပထမအဆင့် ခြေစစ်ပြိုင်ပွဲ (AFC Women's Championship 2005, Qualifying Round)ကို ယနေ့ ညနေပိုင်းတွင် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲတွင် (က)အုပ်စု၏ အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် အိမ်ရှင် ဗီယက်နမ်အမျိုးသမီးလက်ရွေးစင် ဘောလုံးအသင်းနှင့် မြန်မာအမျိုးသမီး လက်ရွေးစင်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အိမ်ရှင်ဗီယက်နမ်အသင်းက တစ်လုံးတည်းသော ပိုင်နယ်တီဂိုးဖြင့် အနိုင်ရရှိသွားသည်။

(က)အုပ်စုတွင် မြန်မာအသင်းသည် နှစ်ပွဲကစား၊ တစ်ပွဲနိုင်၊ တစ်ပွဲရှုံး သုံးမှတ်ဖြင့် ဒုတိယရရှိပြီး ကွာတားဖိုင်နယ်အဆင့်သို့ တက်သွားသည်။ ယင်းအုပ်စုတွင် ဗီယက်နမ်အသင်းက နှစ်ပွဲကစား၊ နှစ်ပွဲနိုင်၊ ခြောက်မှတ်ဖြင့် ပထမရကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်သွားသည်။

ဇွန် ၂၀ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် တတိယကွာတားဖိုင်နယ်ပွဲအဖြစ် မြန်မာအသင်းနှင့် ဥဇဘက်ကစ္စတန်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ (သတင်းစဉ်)

ဂုဏ်ပြုလွှာပေးအပ်

ဗုဒ္ဓဘာသာကလျာဏယုဝ(YMBA)အသင်းကြီး၏ (၅၆)ကြိမ်မြောက် မင်္ဂလာရည်ချွန် ဆုချီးမြှင့်ပွဲကို ဇွန် ၁၁ ရက်က YMBA အသင်း၌ကျင်းပရာ ဆုချီးမြှင့်ပွဲအလှူငွေ ကျပ်သုံးသိန်း ခြောက်သောင်း အလှူရှင် ဦးစိန်လှအောင် (ထွန်းနေလင်း သစ်စက်မိသားစု)အား အသင်းဥက္ကဋ္ဌ ဦးဗိုလ်နီက အနုမောဒနာ ဂုဏ်ပြုလွှာကို ပေးအပ်စဉ်။ (၂၃)

ကမ္ဘာ့ကုန်သွယ်ရေးဆွေးနွေးပွဲတွင် သဘောတူညီမှုရရှိရေး ဒဗလျူတီအိုအကြီးအကဲ ဆူပါချိုင်း တိုက်တွန်း

ဟောင်ကောင် ဇွန် ၁၅

ကာတာနိုင်ငံ ဒိုဟာမြို့တွင် ကျင်းပသည့် ကုန်သွယ်ရေး ဆွေးနွေးပွဲများတွင် ၂၀၀၆ ခုနှစ်ထက်နောက်မကျစေဘဲ သဘောတူညီချက်များရရှိရန် အချိန် ဇယားသတ်မှတ်ထားခြင်းမှာ ယုတ္တိရှိကြောင်း၊ သို့ရာတွင် ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့(ဒဗလျူတီအို) အဖွဲ့ဝင်နိုင်ငံများထံမှ နိုင်ငံရေးအရ ဆုံးဖြတ်ချက်များ ချမှတ်ပေးရန်လိုအပ်ကြောင်း ဒဗလျူတီအို ညွှန်ကြားရေးမှူးချုပ် ဆူပါချိုင်းပန်နစ်ချပက်ဒီက တနင်္လာနေ့တွင် ပြောကြားသည်။

ကမ္ဘာ့ကုန်သွယ်ရေး ဆွေးနွေးပွဲများကို အပြီးသတ် ကျင်းပနိုင်ရေးမှာ မိမိတို့၏ ဦးစားပေးလုပ်ငန်းဖြစ်ကြောင်း၊ ၃၈ ကြိမ်မြောက် ပစိဖိတ် အနားသတ်နိုင်ငံများ၏ စီးပွားရေး ကောင်စီ အစည်းအဝေးတွင် ဆူပါချိုင်းက ပြောကြားသည်။

လာမည့်ဒီဇင်ဘာတွင် တရုတ်နိုင်ငံ ဟောင်ကောင်၌ ကျင်းပမည့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ဆဋ္ဌမအကြိမ် ဝန်ကြီးအဆင့် အစည်းအဝေးအတွက် မိမိတို့ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိကြောင်း ၎င်းကပြောကြားသည်။

မက္ကဆီကိုနိုင်ငံ ကန်ကွန်းမြို့တွင် ကျင်းပခဲ့သော ပဉ္စမအကြိမ် ဒဗလျူတီအိုဝန်ကြီးအဆင့် အစည်းအဝေးတွင် သဘောတူညီချက်မရဘဲ ပြီးဆုံးခဲ့ရခြင်းသည် ဆွေးနွေးစရာ အကြောင်းရပ်များ အလွန်ကျယ်ပြန့်သောကြောင့် ဖြစ်ကြောင်း ဒဗလျူတီအို အကြီးအကဲက ပြောကြားသည်။

ဟောင်ကောင်တွင် ကျင်းပသည့် ဝန်ကြီးအဆင့် အစည်းအဝေးတွင် အဓိကအကြောင်းရပ် ငါးခုနှင့် ပတ်သက်၍ ဆွေးနွေးရန် စီစဉ်ထားကြောင်း၊ ယင်းတို့မှာ လယ်ယာစိုက်ပျိုးရေး၊ ကုန်ထုတ်လုပ်မှု၊ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုနှင့် စီမံကိန်းရေးဆွဲခြင်းတို့ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

ကာတာနိုင်ငံ ဒိုဟာမြို့တွင် ကျင်းပသည့် ကုန်သွယ်ရေး ဆွေးနွေးပွဲများတွင် တွေ့ကြုံနေရသော အတားအဆီးများမှာ လယ်ယာစိုက်ပျိုးရေးကဏ္ဍနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍတို့နှင့် သက်ဆိုင်နေသော အခွန်အကောက်ကိစ္စရပ်များဖြစ်ကြောင်း၊ တစ်ကမ္ဘာလုံးပေါင်းရုံး ဆက်နွှယ်မှုနှင့် ဈေးကွက်ဝင်ရောက်ခွင့် ရရှိရေးတို့နှင့် ပတ်သက်၍လည်း သဘောကွဲလွဲမှုများရှိနေကြောင်း ဆူပါချိုင်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အမေရိကန်လူမျိုး တစ်သန်းကျော် အိပ်ချ်အိုင်ဗွီဗိုင်းရပ်ပိုး ကူးစက်ခံရ

ဝါရှင်တန် ဇွန် ၁၅

အမေရိကန်ပြည်သူ တစ်သန်းကျော်သည် အိဒ်စ်ရောဂါဖြစ်ပွားနိုင်သည့် အိပ်ချ်အိုင်ဗွီဗိုင်းရပ် ကူးစက်ခံနေရကြောင်း၊ ယင်းအနက် ထက်ဝက်ကျော်သည် လူမည်းများဖြစ်နေကြောင်းဖြင့် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာန (စီဒီစီ)က တနင်္လာနေ့က ထုတ်ပြန်သော နောက်ဆုံး စာရင်းဇယားအရ သိရသည်။

အမေရိကန် ပြည်ထောင်စုတွင် ၁၉၈၀ပြည့်နှစ်က အိဒ်စ်ရောဂါ အမြင့်ဆုံး ဖြစ်ပွားခဲ့ပြီးသည့်နောက် အမေရိကန်ပြည်သူ တစ်သန်းကျော်သည် အိပ်ချ်အိုင်ဗွီဗိုင်းရပ် ရရှိခဲ့ကြခြင်းဖြစ်သည်။ အိဒ်စ်ရောဂါဝေဒနာရှင် အများအပြားအသက်ရှည်ရှည်နေထိုင်နိုင်သည်မှာ တိုးတက်ခေတ်မီလာသည့် ဆေးဝါးများကျေးဇူးကြောင့် ဖြစ်ကြောင်း ကျွမ်းကျင်သူများက ပြောကြားကြသည်။ အခြားတစ်ဖက်တွင် ယင်းရောဂါဝေဒနာ ဖြစ်ပွားသူဦးရေ မြင့်မားလာမှုသည် အိပ်ချ်အိုင်ဗွီဗိုင်းရပ် ကာကွယ်မှု ပျက်ကွက်သောကြောင့် ဖြစ်သည်ကို ဖော်ပြလျက်ရှိသည်။

ခန့်မှန်းခြေအားဖြင့် အမေရိကန် ၁၀၃၉၀၀၀ ကျော်မှ ၁၁၈၅၀၀၀ အထိ ၂၀၀၃ ခုနှစ်ကုန်တွင် အိပ်ချ်အိုင်ဗွီဗိုင်းရပ်ပိုးရှိသည်ဟု စီဒီစီက ပြောကြားသည်။

၄၇ ရာနှုန်းသော အမေရိကန်လူမည်းများသည် အိပ်ချ်အိုင်ဗွီဗိုင်းရပ် ကူးစက်ခံရသူများဖြစ်သည်။ သို့ရာတွင် အမေရိကန် လူမည်းဦးရေသည် အမေရိကန်ပြည်သူဦးရေ၏ ၁၃ ရာနှုန်းသာရှိသည်။ အမေရိကန်လူမည်းများအတွင်း အိပ်ချ်အိုင်ဗွီဗိုင်းရပ် ကူးစက်မှုသည် အချိုးအစား မညီမျှစွာဖြင့် လာမည့်နှစ်များအတွင်း မြင့်မားလာမည်ဖြစ်သည်ဟု စီဒီစီက ကြိုတင်ဟောကိန်းထုတ်ထားသည်။

အိဒ်စ်ရောဂါကြောင့် အမေရိကန်ပြည်သူ ၅၀၀၀၀၀ ခန့် ၁၉၈၁ ခုနှစ်နောက်ပိုင်း သေဆုံးခဲ့ပြီး ကမ္ဘာတစ်ဝန်းတွင် လူ ၂၂ သန်းထက်မနည်း သေဆုံးခဲ့သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

အပျက်အစီး

အီရတ်နိုင်ငံ အရှေ့မြောက်ပိုင်း ဘာကူဘာမြို့တွင် ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ကျန်ရစ်သော အပျက်အစီးများကို ဇွန် ၁၄ ရက်က တွေ့ရစဉ်။(ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်မြို့မြောက်ဘက် အီရတ်လုံခြုံရေးတပ်ဖွဲ့ ဗုံးဖောက်ခွဲခံရ

ဘဂ္ဂဒက် ဇွန် ၁၅

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော် မြောက်ဘက် ဆမ်မာရာမြို့တွင် အီရတ်လုံခြုံရေးတပ်ဖွဲ့လှည့်ကင်းကိုပစ်မှတ်ထားကာ တနင်္လာနေ့က ကားဗုံးဖောက်ခွဲမှုကြောင့် လူ ၁၀ ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်းဖြင့် ရဲတပ်ဖွဲ့က ပြောကြားသည်။

ဗုံးဖောက်ခွဲ တိုက်ခိုက်သူတစ်ဦးက ဖောက်ခွဲရေးပစ္စည်းများ အပြည့်တင်ထားသည့် မော်တော်ယာဉ်ဖြင့် အီရတ်လုံခြုံရေးတပ်ဖွဲ့ လှည့်ကင်းအား ဝင်တိုက်ခဲ့သည့်အတွက် နံနက် ၇ နာရီခွဲခန့်က ဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ ယင်းပေါက်ကွဲမှုကြောင့် ရဲတပ်ဖွဲ့ဝင် ငါးဦးနှင့် အရပ်သားငါးဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု အမည်မဖော်လိုသူ ရဲအရာရှိတစ်ဦးက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ဘဂ္ဂဒက်မြို့မြောက်ပိုင်း ကီလိုမီတာ ၁၂၀ ခန့်အကွာရှိ ဆမ်မာရာမြို့သည် ဆွန်နီတို့ အဓိက နေထိုင်သည့်မြို့ဖြစ်ပြီး အမေရိကန်တပ်ဖွဲ့နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ခုခံတိုက်ခိုက်သည့် နေရာအဖြစ် ရောက်ရှိနေသည်မှာ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

ယူဂန္ဒာအတွက် ဆေးဝါးများ အီဂျစ်လှူဒါန်း

ကမ်ပါလာ ဇွန် ၁၅

အီဂျစ်အစိုးရသည် ငှက်ဖျားရောဂါကုသရေး ဆေးဝါးတစ်တန်ကို ယူဂန္ဒာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနသို့ လှူဒါန်းလိုက်ကြောင်း ပြည်တွင်းမီဒီယာသတင်းများက စနေနေ့တွင် ဖော်ပြသည်။

ယူဂန္ဒာနိုင်ငံဆိုင်ရာ အီဂျစ်နိုင်ငံ သံအမတ်ကြီး မာဆွမ်မာဇောက်က ယူဂန္ဒာကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဂျင်မူဗီဇီအား ဆေးဝါးများကို သောကြာနေ့တွင် ပေးအပ်လိုက်သည်။

ယခုအကြိမ် ဆေးဝါးများပေးအပ်ခြင်းမှာ တတိယအကြိမ်ပေးအပ်ခြင်းဖြစ်ပြီး ငှက်ဖျားရောဂါရှိသူ ၁၀၀၀ ထက်မနည်းကို အခမဲ့ကုသပေးနိုင်မည်ဖြစ်ကြောင်း မာဇောက်က ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဇွန် ၁၁ ရက်က ဘဂ္ဂဒက်မြို့ ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားရာ နေရာတွင် တာဝန်ရှိသူများက စစ်ဆေးနေသည်ကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတကာ သတင်းများ

အီရတ်တွင် လမ်းဘေးဗုံးဖြင့်တိုက်ခိုက်မှု လျော့ပါးရေး အမေရိကန်တပ်ဖွဲ့က လုပ်ဆောင်နိုင်ခြင်းမရှိ

အနာကွန်ဒါစခန်း ဇွန် ၁၅

အီရတ်နိုင်ငံမှ အိမ်လုပ်ဗုံးနှင့် လမ်းဘေးဗုံးများ၏ အရည်အသွေးနှင့် ထိရောက်မှုလျော့ပါးစေရန် အမေရိကန် အစိုးရက အကြီးအကျယ် လှုပ်ရှားကြိုးပမ်းနေလင့်ကစား ယင်းဗုံးများသည် အီရတ်နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့ဝင်များအား ယခုနှစ်အတွင်း သေကြေပျက်စီးစေသည့် နံပါတ်တစ် လူသတ်လက်နက်ဖြစ်နေသည်။ ယင်းဗုံးများကို ခုခံတိုက်ခိုက်ရေးသမားများက အမြောက်ဆန်နှင့် ပေါက်ကွဲစရာ ခဲယမ်းမီးကျောက်များကို ပေါင်းစပ်ကာထုတ်လုပ်ထားခြင်းဖြစ်သည်။

အမေရိကန်တပ်မှူးများက အီရတ်စစ်မြေပြင်သို့ ဟမ်းဗီးသံချပ်ကာယာဉ်အသစ်များကို ပို့ပေးနေကြသည်။ အထင်ကရ သယ်ယူပို့ဆောင်ရေးလမ်းများ တစ်လျှောက်ရှိ သစ်ပင်များနှင့် အပျက်အစီးများ ဖယ်ရှားရေးအတွက် နှစ်ရှည်အစီအစဉ်အဖြစ် အမေရိကန်ကြည်းတပ် အင်ဂျင်နီယာများက စတင်လုပ်ဆောင်နေကြသည်။ ထို့ပြင် အမေရိကန်စစ်ဘက်မှ စက်မှုပညာရှင်များကလည်း မော်တော်ယာဉ်များအား ခေတ်မီပစ္စည်းပစ္စယများ တပ်ဆင်ပေးထားသည်။

ယင်းကဲ့သို့ ကြိုးပမ်းလင့်ကစား အိမ်လုပ်ဗုံးကြောင့် သေဆုံးမှုမှာ ယမန်နှစ်ပထမငါးလအတွင်းနှင့် နှိုင်းယှဉ်ပါက ယခုနှစ် အလားတူကာလတွင် ၄၁ ရာနှုန်းမြင့်မားလာခဲ့သည်။ ယင်းဦးရေသည် ယခုနှစ်အတွင်း သေဆုံးခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင် ၂၆၆ ဦး၏ ၅၃ ရာနှုန်းဖြစ်သည်ဟု အီရတ်အပေါင်းပါတပ်ဖွဲ့ သေဆုံးမှု စာရင်းပြုစုရေးဌာန၏ စာရင်းဇယားများအရ သိရှိရသည်။

ယင်းစာရင်းဇယားသည် ၂၀၀၄ ခုနှစ်နှင့်နှိုင်းယှဉ်ပါက ပြောင်းလဲမှုတစ်ရပ်ဖြစ်သည်။ ယင်းနှစ်အတွင်း အမေရိကန်တပ်ဖွဲ့ဝင်များ တိုက်ခိုက်မှုကြောင့် ၇၂၀ သေဆုံးခဲ့ရာ အိမ်လုပ်ဗုံးကြောင့် သေဆုံးသူမှာ ၁၈၉ ဦးရှိသည်။ လွန်ခဲ့သည့်နှစ် ပထမငါးလအတွင်း တပ်ဖွဲ့ဝင် ရှစ်ဦးသည် အိမ်လုပ်ဗုံးကြောင့် သေဆုံးခဲ့ပြီး ယခုနှစ် အလားတူကာလတွင် လမ်းဘေးဗုံးကြောင့် ၁၂၀ သေဆုံးခဲ့ရသည်။

အင်တာနက်။

အီရတ်မှ အမေရိကန်တပ်ဖွဲ့ ရုပ်သိမ်းသင့် လူထုသဘောထား စစ်တမ်းတွင် ဖော်ပြထား

ဝါရှင်တန် ဇွန် ၁၅

အမေရိကန် အစိုးရအနေဖြင့် အီရတ်နိုင်ငံမှ ယင်း၏တပ်ဖွဲ့ဝင်အချို့ သို့တည်းမဟုတ် တပ်ဖွဲ့ဝင် အားလုံးကို ရုပ်သိမ်းသင့်ကြောင်း အမေရိကန်လူမျိုး ၁၀ ဦးလျှင် ခြောက်ဦးနီးပါးက ဆန္ဒထုတ်ဖော်ကြရာ ၂၀၀၃ ခုနှစ် မတ်လနောက်ပိုင်း အီရတ်စစ်ပွဲနှင့်ပတ်သက်၍ စိတ်ပျက်စရာ အကောင်းဆုံးသော သဘောထားအမြင်ဖြစ်ကြောင်း ယူအက်စ်အေတူဒေး သတင်းစာက တနင်္လာနေ့က ထုတ်ပြန်သည့် လူထုသဘောထားစစ်တမ်းအရ သိရသည်။

ရုပ်သိမ်းသင့်

အမေရိကန်အစိုးရက အီရတ်မှ တပ်ဖွဲ့ဝင်အချို့ သို့တည်းမဟုတ် တပ်ဖွဲ့ဝင်အားလုံး ရုပ်သိမ်းသင့်သည်ဟု ၅၉ ရာနှုန်းသော အမေရိကန်ပြည်သူလူထုက ပြောကြားကြရာ ယခုနှစ် ဖေဖော်ဝါရီလက ပြုလုပ်ခဲ့သည့် အလားတူ လူထုစစ်တမ်းထက် ၁၀ ရာနှုန်း မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

အယူအဆ

၂၀၀၄ ခုနှစ် ဧပြီလက ယင်းစစ်တမ်းကောက်ယူခဲ့ရာ ၃၇ ရာနှုန်းသော ပြည်သူလူထုက ယင်းအယူအဆကို ကိုင်စွဲထားကြသည်။

သမ္မတဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်က အမေရိကန်တပ်ဖွဲ့ဝင် အများအပြားအား အီရတ်သို့ နောက်ထပ်ပို့ပေးခြင်းကို အမေရိကန်ပြည်သူ အများစုအနေဖြင့် လိုလားခြင်းမရှိကြောင်း၊ ၃၆ ရာနှုန်းသော ပြည်သူများက အမေရိကန်တပ်ဖွဲ့ဝင်များကို အီရတ်တွင် ဆက်လက်ထားသင့်ကြောင်း သို့တည်းမဟုတ် တိုးမြှင့်ထားသင့်ကြောင်း ပြောကြားကြသည်။

ဖော်ပြ

၅၆ ရာခိုင်နှုန်းသော ပြည်သူလူထုက အီရတ်စစ်ပွဲကို နှစ်သက်ကြောင်း၊ ၄၂ ရာခိုင်နှုန်းက ဖြစ်ပွားသင့်သည့် စစ်ပွဲဖြစ်သည်ဟု ယူဆကြောင်း ယင်းစစ်တမ်းတွင် ဖော်ပြထားသည်။

အီရတ်နိုင်ငံနှင့် ပတ်သက်သည့် အမေရိကန်ပြည်သူလူထု၏ နာကြည်းရှုံမှုန်းလာသည့် သဘောထားက သမ္မတဘုရှ်အား စိန်ခေါ်လျက်ရှိနေကြောင်း၊ အီရတ်တွင် ဒီမိုကရေစီ ထူထောင်ပြီးသည့်တိုင်အောင်၊ အီရတ်တပ်ဖွဲ့ များက လုံခြုံရေး အာမခံနိုင်သည့်တိုင်အောင် သမ္မတဘုရှ်က အီရတ်တွင် ယင်း၏ တပ်ဖွဲ့ဝင်များအား ဆက်လက်ထားရှိလိုသည်ဟု ယူအက်စ်အေ-တူးဒေး စစ်တမ်းတွင် ပါရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကလေးများ ကျန်းမာရေး စောင့်ရှောက်မှု အစီအစဉ်အရ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် ကလေးငယ်တစ်ဦးအား ပိုလီယို ကာကွယ်ဆေး တိုက်ကျွေးနေသည်ကို ဇွန် ၁၅ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တောင်သူလယ်သမားတို့၏ အကျိုးစီးပွား ကာကွယ်ပေးနိုင်ရေး ဂျီ-၃၃ အုပ်စု ကြိုးပမ်းရန် အိန္ဒိယဝန်ကြီးတိုက်တွန်း

နယူးဒေလီ ဇွန် ၁၅

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(ဒဗလျူတီအို) ဆွေးနွေးပွဲများတွင် ဖွံ့ဖြိုးဆဲနိုင်ငံများရှိ တောင်သူလယ်သမားများ၏ အကျိုးစီးပွားကို ထိထိရောက်ရောက် ကာကွယ်နိုင်စေရေးအတွက် ဖွံ့ဖြိုးဆဲ ၃၃ နိုင်ငံအုပ်စု (ဂျီ-၃၃)က အစီအစဉ်များ ရေးဆွဲချမှတ်ဆောင်ရွက်ရန် အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုလုပ်ငန်းဝန်ကြီး ကာမဲလ်နတ်သ်က တနင်္လာနေ့တွင် တိုက်တွန်းလိုက်သည်။

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာတွင် ကျင်းပသည့် ဂျီ-၃၃ ဝန်ကြီးအဆင့် အစည်းအဝေးတွင် ကာမဲလ်နတ်သ်က ယင်းသို့ တိုက်တွန်းလိုက်ခြင်းဖြစ်သည်။

ဂျီ-၃၃ အုပ်စုသည် မိမိတို့နိုင်ငံများရှိ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ပေးနေသော အုပ်စုဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ကိုင်စွဲ

ကမ္ဘာ့ကုန်သွယ်ရေး ဆွေးနွေးပွဲများတွင် မိမိတို့၏ ဂျီ-၃၃ အုပ်စုသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ပေးနိုင်ရန် တူညီသောသဘောထား ရပ်တည်ချက်ကို ကိုင်စွဲကြမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

ယခုအချိန်မှသည် ငါးနှစ်တာကာလအတွင်း ဖွံ့ဖြိုးပြီးနိုင်ငံများတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို ထောက်ပံ့ကြေးပေးနေသည့် စနစ်ကို အဆုံးသတ်စေရေးအတွက် လုပ်ဆောင်ရန်လိုအပ်ကြောင်း၊ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် လယ်ယာမြေဆိုင်ရာ အထောက်အပံ့ပေးမှု ဆက်လက်တည်ရှိနေမည် ဆိုပါက ဖွံ့ဖြိုးဆဲနိုင်ငံတို့၏ ဈေးကွက်ဝင်ရောက်နိုင်မှု အခွင့်အလမ်းများ ဆုံးရှုံးနေဦးမည်သာဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ပီတီအိုင်။

အာရှနိုင်ငံများ ရေနံလိုအပ်ချက်ကြီးမားလာ စွမ်းအင်ဖူလုံရေး ပူးပေါင်းဆောင်ရွက်ရန် လိုအပ်

ကွာလာလမ်ပူ ဇွန် ၁၅

အာရှနိုင်ငံများသည် ရေနံနှင့် ဓာတ်ငွေ့လုပ်ငန်းများတွင် ရင်ဆိုင်နေရသော စိန်ခေါ်မှုများကို ဖြေရှင်းနိုင်စေရေးအတွက် စွမ်းအင်ကဏ္ဍ သံတမန်ရေးလုပ်ရှားဆောင်ရွက်ရာ၌ ပူးပေါင်းဆောင်ရွက်သင့်ကြောင်း မလေးရှားဝန်ကြီးချုပ် အဗ္ဗဒူလာအာမက်ဘာဒါဝီက တနင်္လာနေ့တွင် ပြောကြားသည်။

မလေးရှားနိုင်ငံ ကွာလာလမ်ပူတွင် ကျင်းပသည့် ဒသမအကြိမ် အာရှရေနံနှင့်ဓာတ်ငွေ့ညီလာခံ၌ မိန့်ခွန်းပြောကြားရာတွင် ဘာဒါဝီက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

လိုအပ်

ရေနံတင်သွင်းရသော နိုင်ငံများ အနေဖြင့် အာရှဒေသ အပြင်ဘက်ရှိ နိုင်ငံများမှ ရေနံကို အဓိကမှီခို အားထားနေရမှု လျှော့ချရန်လိုအပ်ကြောင်း၊ ရေနံတင်ပို့ရောင်းချသော နိုင်ငံများမှာမူ သဘာဝဓာတ်ငွေ့၊ နေစွမ်းအင်နှင့် ဘူမိအပူစွမ်းအင်ဖွံ့ဖြိုးရေးအပါအဝင် စွမ်းအင်ကဏ္ဍတွင် တစ်နိုင်ငံနှင့် တစ်နိုင်ငံ စီးပွားရေးဆက်ဆံမှု တိုးမြှင့်ပြုလုပ်သင့်ကြောင်း ဘာဒါဝီက ပြောကြားသည်။

ဝယ်ယူမည်

အာရှဒေသသည် ၂၀၂၀ ပြည့်နှစ်ဝန်းကျင်ကာလသို့ ရောက်ရှိသောအခါ တစ်ရက်လျှင် ရေနံစည်ပေါင်း ၃၃သန်းအထိ လိုအပ်လာမည်ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့်ဆိုရသော် ကမ္ဘာတစ်ဝန်း သုံးစွဲသည့် ရေနံပမာဏ၏ ၃၀ ရာခိုင်နှုန်းကို အာရှနိုင်ငံများက ဝယ်ယူမည်ဖြစ်ကြောင်း၊ အာရှဒေသသည် စွမ်းအင်ဖူလုံမှုရရှိရေးအတွက် ယှဉ်ပြိုင် ကြိုးပမ်းရမှု ပြင်းထန်လာမည်ဖြစ်ကြောင်း ဘာဒါဝီက ပြောကြားသည်။

တုံ့ပြန်ပြုလုပ်သင့်

အာရှဒေသရှိ နိုင်ငံပိုင် ရေနံကုမ္ပဏီများအားလုံးသည် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ပြုလုပ်သင့်ကြောင်း၊ ရေနံနှင့် ဓာတ်ငွေ့ဈေးနှုန်းများ မြင့်တက်လာမှုသည် အာရှတိုက်ရှိ ရေနံတင်သွင်းသော နိုင်ငံများအတွက် ဆိုးကျိုးသက်ရောက်မှု ရှိနိုင်ကြောင်း၊ အနာဂတ်ကာလတွင် ရေနံဖူလုံမှုရရှိရေး ဟူသော ရည်မှန်းချက်သည် အာရှနိုင်ငံများရှိ နိုင်ငံပိုင် ရေနံကုမ္ပဏီအတွက် တူညီသော ရည်မှန်းချက်ဖြစ်ကြောင်း ဘာဒါဝီက ပြောကြားသည်။

အမ်အင်အေ၊ဆင်ပွာ။

နီပေါလက်မှုပစ္စည်းများ ပြည်ပသို့ တင်ပို့မှုမြင့်တက်

ခတ္တမန္ဒူ ဇွန် ၁၅

နီပေါနိုင်ငံ၏ လက်မှုပစ္စည်းများ ပြည်ပသို့ တင်ပို့မှုမှာ ယခုဘဏ္ဍာရေးနှစ်၏ ပထမ၁၀လတွင် ၁၀ ရာခိုင်နှုန်းနီးပါး မြင့်တက်လာကြောင်း နီပေါလက်မှုပစ္စည်းထုတ်လုပ်သူများ အသင်းက သောကြာနေ့တွင် ကြေညာသည်။

နီပေါနိုင်ငံသည် ၂၀၀၄ ခုနှစ် ဇူလိုင်လလယ်မှ ၂၀၀၅ခုနှစ် မေလလယ်အတွင်း အမေရိကန်ဒေါ်လာ ၃၂ ဒသမ ၉သန်းဖိုးရှိ လက်မှုပစ္စည်းများကို ပြည်ပသို့ တင်ပို့ခဲ့သည်။ ယခင် ဘဏ္ဍာရေးနှစ်အလားတူကာလက အမေရိကန်ဒေါ်လာ သန်း ၃၀ ဖိုး တင်ပို့ခဲ့သည်။

အမ်အင်အေ၊ ဆင်ပွာ။

တရုတ်နိုင်ငံ နိုင်ငံခြားကုန်သွယ်မှုမြင့်တက် ငါးလအတွင်း ဒေါ်လာ ၅၂၂ ဘီလီယံကျော်ရှိ

ပေကျင်း ဇွန် ၁၅

တရုတ်နိုင်ငံ၏နိုင်ငံခြားကုန်သွယ်မှုမှာ ပထမငါးလတာ ကာလအတွင်း အမေရိကန် ဒေါ်လာ ၅၂၂ ဒသမ ၇၈ ဘီလီယံရှိပြီး ၂၃ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း အကောက်ခွန်ဌာန စာရင်းများက ဖော်ပြသည်။

တရုတ်နိုင်ငံ အကောက်ခွန်ဌာနမှ စာရင်းများအရ ပို့ကုန်ပမာဏမှာ ဒေါ်လာ ၂၇၆ ဒသမ ၄ ဘီလီယံရှိပြီး သွင်းကုန်ပမာဏမှာ ဒေါ်လာ ၂၄၆ ဒသမ ၃၈ ဘီလီယံရှိသည်။ ယမန်နှစ်အလားတူကာလထက် ပို့ကုန်ပိုင်းတွင် ၃၃ ဒသမ ၂ ရာခိုင်နှုန်းနှင့် သွင်းကုန်ပိုင်း၌ ၁၃ ဒသမ ၇ ရာခိုင်နှုန်း အသီးသီး မြင့်တက်လာသည်။

အထွေထွေကုန်သွယ်မှုပမာဏမှာ ပထမငါးလတာကာလတွင် ဒေါ်လာ ၂၂၅ဒသမ၄၈ဘီလီယံရှိပြီး နှစ်အလိုက် နှိုင်းယှဉ်ပါက ၂၁ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ ယင်းအနက် ပြည်ပပို့ကုန်တန်ဖိုးမှာ ဒေါ်လာ ၁၁၇ ဒသမ ၄၈ဘီလီယံရှိပြီး ၃၇ဒသမ၈ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ သွင်းကုန်တန်ဖိုးမှာ ဒေါ်လာ ၁၀၈ဘီလီယံရှိပြီး ၇ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။

ကုန်ထုတ် ကုန်သွယ်မှု ပမာဏမှာ ယင်းကာလအတွင်း ဒေါ်လာ ၂၄၈ ဒသမ၂၁ ဘီလီယံရှိပြီး ၂၆ ဒသမ ၃ ရာခိုင်နှုန်းမြင့်တက်လာသည်။ ယင်းအနက် ပို့ကုန်တန်ဖိုးမှာ ဒေါ်လာ ၁၄၈ ဒသမ ၈၄ ဘီလီယံရှိပြီး သွင်းကုန်တန်ဖိုးမှာ ဒေါ်လာ ၉၉ ဒသမ ၃၇ ဘီလီယံရှိသည်။ ၂၉ ဒသမ ၄ ရာခိုင်နှုန်းနှင့်၂၂ရာခိုင်နှုန်း အသီးသီးမြင့်တက်ခဲ့သည်။

တရုတ်နှင့် အမေရိကန်၏ ကုန်သွယ်မှုပမာဏမှာ ဒေါ်လာ ၇၇ ဒသမ ၇ဘီလီယံရှိပြီး ၂၄ဒသမ၆ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ တရုတ်နှင့် ဂျပန်၏ ကုန်သွယ်မှုပမာဏမှာ ဒေါ်လာ ၇၀ ဒသမ ၇၂ ဘီလီယံရှိပြီး ၁၀ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။

အမ်အင်အေ၊ဆင်ပွာ။



ဂျီစီစီနိုင်ငံများတွင် ဆေးဝါးထုတ်လုပ်ရေးစက်ရုံများ တိုးပွား

ကူဝိတ်စီးတီး ဇွန် ၁၅

ပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(ဂျီစီစီ)နိုင်ငံများရှိ ဆေးဝါးထုတ်လုပ်ရေး စက်ရုံအရေအတွက်မှာ ၁၉၉၅ ခုနှစ်တွင် ၁၈ ခုရှိခဲ့ရာမှ ၂၀၀၄ ခုနှစ်တွင် ၅၅ ခုအထိ တိုးပွားလာကြောင်း ကူဝိတ်သတင်းဌာနက တနင်္လာနေ့တွင် ဖော်ပြသည်။

အဆိုပါကာလအတွင်း ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၇၄ ဒသမ၄ သန်းမှ ၇၉၃ ဒသမ ၂ သန်းအထိမြင့်တက်ခဲ့ကြောင်း ပင်လယ်ကွေ့ဒေသ စက်မှုလုပ်ငန်းအတိုင်ပင်ခံအဖွဲ့က ထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြထားသည်။

ရင်းနှီးမြှုပ်နှံမှု

ယင်းအစီရင်ခံစာအရ ဆော်ဒီအာရေဗျနိုင်ငံတွင် စက်ရုံ ၂၇ ခုနှင့် ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၆၁၉ သန်းရှိရာ စက်ရုံအရေအတွက်ရော ရင်းနှီးမြှုပ်နှံမှုပမာဏပါ အများဆုံး ရှိသည်ဟု သိရသည်။

အာရပ်စော်ဘွားများ ပြည်ထောင်စုသည် စက်ရုံရှစ်ခုနှင့် ရင်းနှီးမြှုပ်နှံမှုပမာဏဒေါ်လာ ၆၄ သန်းကျော်ဖြင့် ဒုတိယအဆင့်တွင်ရှိသည်။ ကူဝိတ်၊ ကာတာ၊ အိုမန်နှင့် ဘာရိန်းနိုင်ငံတို့သည် တတိယဆင့်၊ စတုတ္ထဆင့်၊ ပဉ္စမဆင့်နှင့် ဆဋ္ဌမဆင့်နေရာများတွင် အသီးသီးရှိသည်။

ယမန်နှစ်က တစ်ဦးချင်း ဆေးဝါးသုံးစွဲမှုမှာ ဂျီစီစီနိုင်ငံများတွင် ပျမ်းမျှ ၅၂ ဒေါ်လာရှိပြီး အာရပ်နိုင်ငံများတွင် ၂၀ ဒသမ ၃ ဒေါ်လာရှိသည်။

အမ်အင်အေ၊ဆင်ပွာ။



အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကြောင့် ကက်ရှ်မီးယား ဒေသသို့ ခရီးသည်များ လာရောက်မှု တိုးပွားလျက်ရှိရာ ကက်ရှ်မီးယားဒေသသို့ လာရောက်သော ခရီးသွားများကို အပန်းဖြေမှုပေးသည့် လှေအိမ်တစ်လုံးကို ဇွန် ၁၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဖန်ဗီဘာကျွန်း ခရီးသွားလုပ်ငန်းမြင့်တက်

ဒါရက်ဆလမ် ဇွန် ၁၅

တန်ဇန်းနီးယားနိုင်ငံ ဇန်ဇီဘာကျွန်းသို့ ၂၀၀၅ ခုနှစ် ဇူလိုင်နှင့် ၂၀၀၆ ခုနှစ်ဇွန်လအတွင်း ကမ္ဘာလှည့်ခရီးသည် ၁၄၁၀၀၀ လာရောက်မည်ဟု မျှော်မှန်းထားကြောင်း ပြည်တွင်းမီဒီယာသတင်းများက အင်္ဂါနေ့တွင် ဖော်ပြသည်။

လာမည့်နှစ်တွင် ဇန်ဇီဘာကျွန်း ခရီးသွား လုပ်ငန်းမှ ဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၆၀ ကျော်ရရှိမည်ဟု ခန့်မှန်းထားကြောင်း ဇန်ဇီဘာကျွန်း ခရီးသွားလုပ်ငန်းအဖွဲ့၏ ဈေးကွက်ရှာဖွေရေးနှင့် အရောင်းမြှင့်တင်ရေး ညွှန်ကြားရေးမှူး အလီခါလီမီဇာက ပြောကြားသည်။

ဇွန် ၃၀ ရက်တွင် ကုန်ဆုံးမည့် ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်တွင် ကမ္ဘာလှည့်ခရီးသည်များ လာရောက်မှုမှာ ၁၀၀၀၀၀ နီးပါးရှိမည်ဖြစ်ကြောင်း ညွှန်ကြားရေးမှူးက ပြောကြားသည်။ ယခင်ဘဏ္ဍာရေးနှစ်တွင် ဇန်ဇီဘာကျွန်း ခရီးသွားလုပ်ငန်းမှ ဝင်ငွေ ဒေါ်လာ ၅၅ သန်းရရှိခဲ့သည်။

အမ်အင်အေ၊ဆင်ပွာ။

ပြည်သူ့အတွက် စည်ပင်သာယာ

ဇေယျာမျိုးထက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန (စည်ပင်သာယာရေးဦးစီးဌာန) စည်ပင်သာယာရေးအဖွဲ့၏ နှစ်ပတ်လည်လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့၏ သက်ဆိုင်ရာမြို့နှင့် ကျေးလက်ဒေသရှိ ပြည်သူတို့၏ စားဝတ်နေရေး၊ ကူးသန်းသွားလာရေး၊ ရောင်းဝယ်ဖောက်ကားရေးစသည်တို့ အဆင်ပြေချောမွေ့စေရေးအတွက် တိုက်ရိုက်သော်လည်းကောင်း၊သွယ်ဝိုက်၍သော်လည်းကောင်း ဆောင်ရွက်ပေးရသော အဖွဲ့များဖြစ်သည်။ မြို့ရွာများ သန့်ရှင်းရေး၊ သာယာလှပစေရေး၊ မြို့နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက် အနည်းဆုံးဖြစ်စေရေး၊ ခရီးလမ်းဆက်သွယ်မှု ကောင်းမွန်စေရေး၊ ကုန်စည်ထုတ်လုပ်မှုလုပ်ငန်းများ ဘေးအန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်နိုင်စေရေး၊ ကုန်သွယ်ရောင်းဝယ်မှုလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်နိုင်စေရေး၊ ပြည်သူလူထု စိတ်လက်ကြည်သာစွာ အပန်းဖြေအနားယူနိုင်စေရေးအပြင် ရေပေးဝေခြင်း၊ လမ်း၊ တံတားများ တည်ဆောက်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကိုပါ ဆောင်ရွက်ပေးရန်မှာ စည်ပင်သာယာရေးအဖွဲ့များ၏ အဓိကတာဝန်ဖြစ်သည်။

စည်ပင်သာယာရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်၍ အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်အတွက် စည်ပင်သာယာရေးအဖွဲ့များ နှစ်ပတ်လည် လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို ၁၉၉၀ ပြည့်နှစ်မှစ၍ နှစ်စဉ်ကျင်းပခဲ့ရာ ယခုနှစ် အစည်းအဝေးသည် (၁၆)ကြိမ်မြောက် ဖြစ်သည်။ ကျင်းပခဲ့သော အစည်းအဝေးများတွင် တစ်နှစ်တာလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်မှုများအပေါ် အားနည်းချက်၊ အားသာချက်များကို ဖော်ထုတ်သုံးသပ်ပြီး လာမည့်နှစ်အတွက် လုပ်ငန်းအစီအမံများ ချမှတ်ခဲ့ကြသည်။

၂၀၀၅ ခုနှစ် မေ လ ၁၆ ရက်နေ့တွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သန်လျက်စွန်းလမ်း အမှတ်(၂၄၅) စည်ပင်သာယာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သော စည်ပင်သာယာရေးအဖွဲ့များ နှစ်ပတ်လည် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ခဲ့ပြီး စည်ပင်သာယာရေးလုပ်ငန်းဆိုင်ရာများ မှာကြားခဲ့သည်။

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က **"မြို့ရွာများ ဖွံ့ဖြိုးတိုးတက်ရေးတာဝန်ကို တစ်နိုင်ငံလုံးမှာ ဖြန့်ကြက်ထမ်းဆောင်နေကြသည့် စည်ပင်သာယာရေးအရာရှိများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို ယခုလို ကျင်းပနိုင်ခြင်းအားဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကို ဖန်တီးဖော်ဆောင်မြှင့်တင်ပေးမည့် လက်တွေ့ကျသည့် အစီအမံများ၊ ခိုင်မာသော အကျိုးရလဒ်ကောင်းများ ပေါ်ထွန်းလာလိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးထိပ်ပန်ဆင်ရမည့် ဒို့တာဝန် အရေးသုံးပါးနှင့် ဦးတည်ချက်များ ချမှတ်ကာ ဖွံ့ဖြိုးမှုနောက်ကျကျန်ရစ်ခဲ့သည့် နယ်စပ်ဒေသများ တိုးတက်ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယနေ့ဆိုလျှင် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် လုပ်ငန်းစဉ်ငါးရပ်ကို ချမှတ်ဆောင်ရွက်နေကြောင်း"**

"ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန် အရေးသုံးပါးသည်သာလျှင် မှန်ကန်သော ပြည်ထောင်စုစိတ်ဓာတ်ဖြစ်သည့်အတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တာဝန်ယူလုပ်ဆောင်နေကြသော စည်ပင်သာယာရေးဝန်ထမ်းများအနေဖြင့် ဒေသအလိုက်၊ ကဏ္ဍအလိုက် ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတာဝန်များကို အောင်မြင်အောင် အမျိုးသားနိုင်ငံရေးအသိစိတ်ဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်း၊ စည်ပင်သာယာရေးလုပ်ငန်းများသည် ပြည်သူများ၏ လူမှုဘဝ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနေရသကဲ့သို့ ဒေသဖွံ့ဖြိုးတိုးတက်မှု ရှိစေရေးအတွက်လည်း ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း ညွှန်ကြားချက်များနှင့်အညီ စစ်ဆေးကြီးကြပ် စီမံအုပ်ချုပ် ဆောင်ရွက်ရသည့် အဖွဲ့အစည်းများပင်ဖြစ်ကြောင်း၊ ထို့ကြောင့် စည်ပင်သာယာရေးလုပ်ငန်းများကို ဆောင်ရွက်သည့်အခါ ပြည်သူနှင့် တစ်သားတည်း ဆောင်ရွက်သွားရန် လိုကြောင်း" စသည်ဖြင့် မှာကြားသွားသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁)၏ မှာကြားချက်များကို စည်ပင်သာယာရေးအဖွဲ့များသည် လုပ်ငန်းလမ်းညွှန်အဖြစ် သတ်မှတ်ခံယူကာ ဦးလည်မသုန် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ယခုဆိုလျှင် စည်ပင်သာယာရေးအဖွဲ့များသည် မြို့ပြနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးအတွက် မြို့ပြနှင့် ကျေးလက်လမ်း စုစုပေါင်း ၃၀၆၅၇ မိုင်၊ ခုနစ်ဖာလုံနှင့် တံတားပေါင်း ၁၇၇၂၀ ဖောက်လုပ်တည်ဆောက်ပေးနိုင်ခဲ့သည်။ ကျေးရွာချင်းဆက် လမ်းများ၊ ကျေးရွာမှ မြို့တက်သည့်လမ်းများ၊ မြို့ချင်းဆက်သွယ်သည့်လမ်းများ၊ ခရိုင်ချင်းဆက် လမ်းများကိုလည်း အရှိန်အဟုန်ဖြင့် ဖောက်လုပ်ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေး အတွက် ပြည်နယ်နှင့် တိုင်းအားလုံးရှိ ကျေးရွာ ၂၃၂၂၅ ရွာအနက် ကျေးရွာပေါင်း ၁၄၃၀၉ ရွာအား သန့်ရှင်းသော သောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။ အပူပိုင်းဒေသ တိုင်းသုံးတိုင်းရှိ မြို့နယ်ပေါင်း ၂၅ မြို့နယ်တွင် မြို့နယ်လုံးကျွတ် သန့်ရှင်းသောသောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထို့အပြင် ကျေးလက်နေပြည်သူများ လူနေမှုဘဝမြင့်မားရေးအတွက် သစ်တောရေးရာဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ကျေးလက်ဒေသ စံပြအိမ်ရာများ ဆောက်လုပ်ပေးခဲ့ရာ ကျေးလက်အိမ်ရာပေါင်း ၁၆၀၉ လုံး ဆောက်လုပ်ပေးနိုင်ခဲ့သည်။

မြို့များ စိမ်းလန်းစိုပြည် သာယာရေးအတွက် အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ စံပြလမ်းများ၊ လမ်းလယ်ကျွန်းများ၊ အရိပ်ရပင်၊ ပန်းအလှပင်များ၊ မြေယာရှုခင်းအလှများနှင့် ပန်းဥယျာဉ်များ ဆောက်ရွက်ပေးခဲ့ရာ ပြည်သူများ၏ စိတ်နှလုံးကို ချမ်းမြေ့ကြည်နူးမှုများ ပေးနိုင်ခဲ့သည်။

စည်ပင်သာယာရေးလုပ်ငန်းများသည် ပြည်သူများ၏ အကျိုးအတွက် မြို့ရွာဖွံ့ဖြိုးမှု အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနေရသော လုပ်ငန်းများဖြစ်သည့်အတွက် စိတ်ကောင်း၊ စေတနာကောင်းထား၍ ဆောင်ရွက်လုပ်ကိုင်ကြလျှင် မိမိတို့မြို့ရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်သကဲ့သို့ ကုသိုလ်လည်းရသည့် လုပ်ငန်းဖြစ်သည်။

စည်ပင်သာယာရေးအဖွဲ့များ၏ စွမ်းဆောင်ချက်များသည် တိုးတက်မြင့်မားလျက်ရှိရာ တိုးတက်မှုအရှိန်အဟုန် ပိုမိုမြှင့်တင်၍ **"ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်"** တည်ဆောက်ရာတွင် မိမိတို့လုပ်ကိုင်ဆောင်ရွက်နေသည့် ပြည်သူ့အတွက် စည်ပင်သာယာကဏ္ဍ၌ ဂုဏ်ပြု စံထားရသော သမိုင်းမော်ကွန်း တင်ကျန်ရစ်အောင် ကြိုးပမ်းဖော်ဆောင်ကြရန် ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ယခုဆိုလျှင် စည်ပင်သာယာရေးအဖွဲ့များသည် မြို့ပြနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးအတွက် မြို့ပြနှင့် ကျေးလက်လမ်း စုစုပေါင်း ၃၀၆၅၇ မိုင်၊ ခုနစ်ဖာလုံနှင့် တံတားပေါင်း ၁၇၇၂၀ ဖောက်လုပ်တည်ဆောက်ပေးနိုင်ခဲ့သည်။ ကျေးရွာချင်းဆက်လမ်းများ၊ ကျေးရွာမှ မြို့တက်သည့်လမ်းများ၊ မြို့ချင်းဆက်သွယ်သည့်လမ်းများ၊ ခရိုင်ချင်းဆက်လမ်းများကိုလည်း အရှိန်အဟုန်ဖြင့် ဖောက်လုပ် ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် ပြည်နယ်နှင့် တိုင်းအားလုံးရှိ ကျေးရွာ ၂၃၂၂၅ ရွာအနက် ကျေးရွာပေါင်း ၁၄၃၀၉ ရွာအား သန့်ရှင်းသော သောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။ အပူပိုင်းဒေသ တိုင်းသုံးတိုင်းရှိ မြို့နယ်ပေါင်း ၂၅ မြို့နယ်တွင် မြို့နယ်လုံးကျွတ် သန့်ရှင်းသောသောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုဗဟိုအဖွဲ့ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ် ပြည်ထောင်စုလမ်းမကြီး၏ တာကော-ကျိုင်းတုံလမ်းပိုင်း(ကျိုင်းတုံပိုင်း)ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ယခုရက်ပိုင်းအတွင်း ရှမ်းပြည်နယ်၏ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ သိသိသာသာ တိုးတက်မြင့်မားလာအောင် ဆောင်ကြဉ်းပေးနိုင်ခဲ့ပြီ

❀ ရှေ့ဖုံးမှ

ယခုနှစ် မေလအတွင်းမှာပင် ရှမ်းပြည်နယ်မြောက်ပိုင်း၌ သံလွင်အရှေ့ခြမ်းနယ်စပ်ဒေသအထိ လမ်းပေါက်စေခဲ့သည့် ကွတ်ခိုင်-တာမိုးညဲ-မုံးစီး-တာရွှေထန် လမ်းပေါ်က သံလွင်မြစ်ကူး(တာပါး)တံတားကို ဖွင့်လှစ်ပေးခဲ့ပြီး ဇွန် ၆ရက်ကလည်း ရှမ်းပြည်နယ်မြောက်ပိုင်းနှင့်တောင်ပိုင်း ဆက်သွယ်ရာ အတိုဆုံးလမ်းကြောင်းသစ်ကို ပေါ်ထွန်းလာစေခဲ့သည့် နောင်ချို-ရပ်စောက်-ရွှေညောင်လမ်းပေါ်က ဒုဋ္ဌဝတီတံတား (နောင်ချို)ကို တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ယနေ့ မဏ္ဍလေးတိုင်း၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် အရှေ့ပိုင်းတို့ကို တိုးလျှိုပေါက် ဆက်စပ်ပေးသည့် မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ် ပြည်ထောင်စုလမ်းမကြီးပေါ်က တာကော-ကျိုင်းတုံလမ်းပိုင်းကို အဆင့်မြှင့်တင်ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် ယခုရက်ပိုင်းအတွင်းမှာပင် ရှမ်းပြည်နယ်၏ လမ်းပန်းဆက်သွယ်ရေးကဏ္ဍမှာ သိသိသာသာ တိုးတက်မြင့်မားလာအောင် ဆောင်ကြဉ်းပေးနိုင်ခဲ့ပြီဖြစ်ကြောင်း။

ယခင်သော ကာလက ရှမ်းပြည်နယ် အတွင်းတွင် လက်နက်ကိုင်ဆန့်ကျင်မှုများ ရှိနေခဲ့ခြင်းကြောင့် လုံခြုံရေးကင်းမဲ့မှု၊ လမ်းပန်းဆက်သွယ်ရေး ချို့တဲ့မှုများနှင့်အတူ ဒေသဖွံ့ဖြိုးတိုးတက်မှုနောက်ကျခဲ့ရသည့် အခြေအနေတွင် နိုင်ငံတော်၏ တာဝန်ရယူခဲ့ရပြီးနောက် မိမိတို့တပ်မတော်အစိုးရသည် လက်နက်ကိုင်ဆန့်ကျင်မှုများ ပြေပျောက်စေပြီး နယ်မြေဒေသတည်ငြိမ်အေးချမ်းမှု ဖြစ်ထွန်းလာစေရေအောင် နယ်မြေဒေသတည်ငြိမ်အေးချမ်းလာသည့် အခါတွင်လည်း နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်လာစေရေအောင် ပထမအဆင့်အနေဖြင့် ဦးစားပေး ဆောင်ရွက်ပေးခဲ့ကြောင်း၊ ယင်းနောက် ဒုတိယအဆင့်အနေဖြင့် ရှမ်းပြည်နယ်တစ်ခွင်လုံးပေါင်းစည်းဆက်စပ် ဖွံ့ဖြိုးတိုးတက်လာစေရေအောင် လမ်းပန်းဆက်သွယ်ရေးအပါအဝင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အစီအမံများကို စီမံကိန်းများချမှတ်ပြီး တစ်ခုပြီးတစ်ခု ဆောင်ရွက်ပေးလျက်ရှိကြောင်း။

လမ်းညွှန်ချက်ချမှတ်ထား

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကလည်း ရှမ်းပြည်နယ်၏ လမ်းပန်းဆက်သွယ်ရေး အဆင့်မြှင့်တင်ပေးရေးနှင့် စပ်လျဉ်းပြီး **"ရှမ်းပြည်နယ်ရဲ့ အချက်အချာဒေသတိုင်းက အခြားသော ပြည်နယ်၊ တိုင်းဒေသများနဲ့ ဆက်သွယ်ပေးတဲ့ ပြည်ထောင်စုလမ်းမကြီးများ အဆင့်မြှင့်တင်ဖောက်လုပ်ပေးဖို့၊ ရှမ်းပြည်နယ် မြောက်ပိုင်း၊ တောင်ပိုင်းနဲ့ အရှေ့ပိုင်းတို့ကို လမ်းခရီးတစ်ဆက်တစ်စပ်တည်း ဖြစ်စေဖို့၊ ရှမ်းပြည်နယ်အတွင်းရှိ မြို့ကြီးများအချင်းချင်း လမ်းပန်းဆက်သွယ်မှု ကောင်းမွန်အောင် လမ်းများဆက်စပ်ယှက်သွယ်ဖောက်လုပ်ပေးဖို့၊ ရာသီမရွေးသွားလာနိုင်အောင် အဆင့်မြှင့်တင်ပေးဖို့"** ဆိုသည့် မြင့်မားသော ရည်မှန်းချက်ဖြင့် လမ်းညွှန်ချက်များ ချမှတ်ပေးထားပြီးဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ ရှမ်းပြည်နယ်၏ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ တိုးမြှင့်တည်ဆောက်ပေးလျက်ရှိရာတွင် တပ်မတော်သားများအပါအဝင် နိုင်ငံ့ဝန်ထမ်းများ၊ ဒေသဆိုင်ရာ အာဏာပိုင်များနှင့် ဒေသခံ တိုင်းရင်းသားပြည်သူများ၏ အင်တိုက်အားတိုက် လက်တွဲကြိုးပမ်းဆောင်ရွက်မှုများကြောင့် ယခုအချိန်အခါတွင် နိုင်ငံတော်အကြီးအကဲ၏ ရည်မှန်းချက်များ တစ်စထက်တစ်စ အကောင်အထည်ပေါ် ဖြစ်ထွန်းလာနေပြီကို အားရကျေနပ်ဖွယ် တွေ့မြင်နေရပြီဖြစ်ကြောင်း။

အချိန်ယူသွားလာခဲ့ရ

ယခင်အခါက တောင်ကြီး-ကျိုင်းတုံလမ်းမကြီးသည် မြေသားပေါ်နေသည့်အထိ ယိုယွင်းနေသည့်လမ်းပိုင်းများ၊ ချိုင့်ခွက်ကြီးများ ဖြစ်ပေါ်နေမှုများ၊ အချို့နေရာများ၌ လမ်းကျဉ်းမြောင်းနေမှုများ၊ ကျောက်တောင်သဲတောင်များ ပြိုကျပြီး လမ်းပိတ်ဆို့မှုများရှိနေသည့်အတွက် နှစ်ညအိပ် သုံးရက်ခရီးလောက် သွားခဲ့ရသည့်အပြင် (၁၀)ဘီးတပ်ကုန်တင်ကားကြီးများဆိုလျှင် ၁၅ရက်၊ တစ်လလောက် အချိန်ယူသွားလာခဲ့ရပြီး ကျောက်တောင် သဲတောင် ပြိုကျသည့်အခါ၌ တစ်ပတ်ခန့် လမ်းပိတ်နေခဲ့ရခြင်းများ၊ မိုးတွင်းကာလ၌ လမ်းလုံးဝပိတ်ထားခဲ့ရခြင်းများ ကြုံတွေ့ခဲ့ရသည့်လမ်းတစ်လမ်းဖြစ်ကြောင်း။

ယခုအခါတွင် တာချီလိတ်၊ မိုင်းလားစသည့် နယ်စပ်မြို့ကြီးများ၏ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာမှု၊ နယ်စပ်ကုန်သွယ်ရေးနှင့် ကူးသန်းသွားလာရေးဖွံ့ဖြိုးစည်ပင်လာမှု၊ တာချီလိတ်-မိုင်းလားလမ်း ပေါ်ထွန်းလာမှု၊ တာချီလိတ်-ကျိုင်းတုံလမ်း တိုးတက်ကောင်းမွန်လာမှုတို့ကြောင့် တောင်ကြီး-ကျိုင်းတုံ-တာချီလိတ် ခရီးသွားလာမှု ပိုမိုများပြားလာသည့်အပြင် (၁၀)ဘီးကားကြီးများ သွားလာမှုလည်း တိုးပွားလာသည့်အတွက် ဤတောင်ကြီး-ကျိုင်းတုံလမ်းမကြီးကို အဆင့်မြှင့်တင်ပေးရန် လိုအပ်လာခဲ့ခြင်းဖြစ်ကြောင်း။

ယနေ့တာကော-ကျိုင်းတုံလမ်းပိုင်း အဆင့်မြှင့်တင်ဖွင့်လှစ်နိုင်ခဲ့ပြီ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆**

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ ရှမ်းပြည်နယ်၏ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ တိုးမြှင့်တည်ဆောက်ပေးလျက် ရှိရာတွင် တပ်မတော်သားများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများ၊ ဒေသဆိုင်ရာ အာဏာပိုင်များနှင့် ဒေသခံ တိုင်းရင်းသားပြည်သူများ၏ အင်တိုက်အားတိုက် လက်တွဲကြိုးပမ်းဆောင်ရွက်မှုများကြောင့် ယခုအချိန်အခါတွင် နိုင်ငံတော်အကြီးအကဲ၏ ရည်မှန်းချက်များ တစ်စထက်တစ်စ အကောင်အထည်ပေါ် ဖြစ်ထွန်းလာနေပြီကို အားရကျေနပ်ဖွယ် တွေ့မြင်နေရပြီဖြစ်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့ မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ် ပြည်ထောင်စုလမ်းမကြီး၏ တာကော-ကျိုင်းတုံလမ်းပိုင်း (ကျိုင်းတုံပိုင်း)ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ်တ...
နယ်မြေတည်ငြိမ်...

☆ စာမျက်နှာ ၇မှ

ဖြစ်သည့်အတွက် မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ် တောက်လျှောက် လမ်းပန်းချောမွေ့သွားခဲ့ပြီး ယခင်က ခက်ခဲပင်ပန်းစွာ သွားလာနေကြရသည့် ဒေသခံ တိုင်းရင်းသားပြည်သူများအဖို့ တောင်ကြီး-ကျိုင်းတုံခရီး ကို နေ့ချင်းပေါက်သည်အထိ လွယ်ကူချောမွေ့စွာ ကူးသန်း သွားလာနိုင်တော့မှာ ဖြစ်ကြောင်း။

ဤအတွက် ကူးသန်းသွားလာရေး လွယ်ကူချောမွေ့မှု က ဖန်တီးဖော်ဆောင်ပေးလာမည့် စီးပွားကုန်သွယ်ရေး တိုးပွားစည်ပင်မှုများ၊ နယ်စပ်ကုန်သွယ်ရေးနှင့် ကမ္ဘာလှည့် ခရီးသွားလုပ်ငန်း တိုးတက်ဖြစ်ထွန်းမှုများ၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုများသည် ရှမ်း ပြည်နယ်အရှေ့ပိုင်း၌ မှီတင်းနေထိုင်ကြသည့် ရှမ်း၊ အခါ၊ လားဟူ၊ ဝ၊ ပလောင်၊ ဗမာ စသည့် တိုင်းရင်းသား သွေးချင်းသားရင်း တစ်သန်းခန့်အတွက် များစွာ အကျိုး တရား ပွားများစေမှာ အမှန်ပင်ဖြစ်ကြောင်း။

အသစ်ဖောက်လုပ်

ထို့အပြင် ဒေသတွင်း လမ်းပန်းဆက်သွယ်မှုနှင့် ပတ်သက်ပြီး မိမိတို့ တပ်မတော်အစိုးရခေတ်ကာလအတွင်း ကျိုင်းတုံ-တာချီလိတ်လမ်း၊ ကျိုင်းတုံ-မိုင်းလားလမ်း၊ ကျိုင်းတုံ-မိုင်းခတ်-မိုင်းယန်းလမ်း၊ ကျိုင်းတုံ-လွယ်မွေ လမ်း၊ မိုင်းဖြတ်-မိုင်းယောင်း-မိုင်းယုလမ်း၊ တာလေ-ပါလျှိုး-ကျိုင်းလတ်လမ်း၊ နမ့်စန်-မိုင်းတုံ-မိုင်းဆတ်-တာချီလိတ်လမ်း၊ မိုင်းဆတ်-မိုင်းပျဉ်းလမ်းတို့ကို အဆင့် မြှင့်တင်ပေး၊ အသစ်ဖောက်လုပ်ပေးနိုင်ခဲ့သည်ကို တွေ့ကြ ရမှာဖြစ်ကြောင်း၊ နမ့်စန်-မိုင်းတုံ-မိုင်းဆတ်လမ်း ပေါက် ရေးအတွက် သံလွင်မြစ်ကူး(တာဆန်း) တံတားကြီးကိုပါ ထည့်သွင်းဆောက်လုပ်ပေးခဲ့ရခြင်းဖြစ်ကြောင်း။

ထို့ကြောင့် လမ်းပန်းဆက်သွယ်ရေးနှင့် ပတ်သက်လျှင် ရှမ်းပြည်နယ်အရှေ့ပိုင်းအနေဖြင့် ကျိုင်းတုံ-မိုင်းပျဉ်း-တောင်ကြီး-မိတ္ထီလာလမ်းကတစ်ဆင့် ရှမ်းပြည်နယ်

မှတ်တမ်းတင်ဓာတ်ပုံရိုက်

လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး ကြီးကြပ်မှု ဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ နှင့် ဒေသခံပြည်သူများ တာကော-ကျိုင်းတုံ ကတ္တရာ လမ်းသစ်(ကျိုင်းတုံပိုင်း) ဖွင့်ပွဲမုခ်ဦးရှေ့တွင် မှတ်တမ်း တင်ဓာတ်ပုံ ရိုက်ကြစဉ်။ (သတင်းစဉ်)

စေရအောင် နိုင်ငံတော်အစိုးရအနေဖြင့် စီမံဆောင်ရွက် ပေးနေခြင်းပင်ဖြစ်ကြောင်း။

ဆိုးကျိုးများဖယ်ရှား

ဤကဲ့သို့ တိုင်းရင်းသားလူမျိုးများအားလုံး ကူးလူး ယှက်နွှယ်ပြီး တပေါင်းတစည်းတည်း ဖြစ်လာခြင်းအားဖြင့် ယခင်ခေတ်ကာလက ကိုလိုနီနယ်ချဲ့တို့ ရည်ရွယ်ချက် ရှိရှိဖြင့် အစီအစဉ်တကျ ဖန်တီးထားရစ်ခဲ့သည့် ဆိုးမွေ များဖြစ်သော တိုင်းရင်းသားလူမျိုးများအကြား အနေ

ပြည်ထောင်စုကြီးတစ်ရပ်လုံး ငြိမ်းချမ်းသာယာနေစေရန်နှင့် ရရှိပြီး ဖွံ့ဖြိ...
တိုင်းရင်းသားပြည်သူအားလုံးက အပြုသဘော ကောင်းကျိုးချမ်းသာတရာ...

လုံ့ဆော်သွေးထိုးမှုများ၊ အကြမ်းဖက်မှုများ၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ပျက်ပြားအောင် သွေးခွဲသပ်လျှိုမှုများ၊ ပြည်ထောင်စုကြီးပြိုကွဲအောင် လုပ်ကြံဖန်တီးမှုများ စသည့် တိုင်းဖျက်ပြည်ဖျက် လုပ်ရပ်များ၏ အန္တရာယ်ဆိုးကို တိုင်းရင်းသား လူမျိုးများအားလုံးက ပြည်ထောင်စု စိတ်ဓာတ် အခြေခံဖြင့် လက်တွဲပေါင်းစည်း ဆန့်ကျင်ချေမှုန်း။

တောင်ပိုင်းနှင့် မန္တလေးတိုင်း၊ ယင်းလမ်းမှပင် လွိုင်လင် ကတစ်ဆင့် လဲချား-မိုင်းကိုင်-ပန်ကေတု-သီပေါလမ်း ကနေ ရှမ်းပြည်နယ်မြောက်ပိုင်းကို အလွယ်တကူ ကူးသန်း သွားလာနိုင်ပြီဖြစ်ကြောင်း။

နယ်စပ်အထိလမ်းပေါက်

ဤကဲ့သို့ ရှမ်းပြည်နယ်အတွင်း လမ်းပန်းဆက်သွယ် ရေး တိုးတက်ကောင်းမွန်စေရန် စနစ်တကျ စီမံကိန်းများ ချမှတ်ပြီး အကွက်ချ စီမံဆောင်ရွက်ပေးခဲ့သည့်အတွက် ယခင်အခါက ရှမ်းပြည်နယ်မြောက်ပိုင်း၊ တောင်ပိုင်းနှင့် အရှေ့ပိုင်းတို့သည် မန္တလေးတိုင်းကတစ်ဆင့် ကွေ့ပတ်ပြီး ကူးသန်းသွားလာနေခဲ့ရရာက ယခုဆိုလျှင် ရှမ်းပြည်နယ် မြောက်ပိုင်း၊ တောင်ပိုင်းနှင့် အရှေ့ပိုင်း တိုက်ရိုက်သွားလာ နိုင်ရုံမျှမက ရှမ်းပြည်နယ်တစ်ခွင်လုံးက မြို့ကြီးများကို ဆက်စပ်ပေးထားသည့် လမ်းပန်းဆက်သွယ်မှု ကွန်ရက် တစ်ခု ဖြစ်ပေါ်လာခဲ့ပြီဖြစ်ကြောင်း၊ ထို့အပြင် နယ်စပ် ဝင်ပေါက်ဒေသများအထိ လမ်းပေါက်နေပြီဖြစ်ခြင်းကြောင့် မြန်မာနိုင်ငံကိုဖြတ်သန်းပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံတို့အကြား အပြန်အလှန် ကူးသန်း သွားလာနိုင်သည့်အခြေအနေကို ရောက်ရှိခဲ့ပြီဖြစ်ကြောင်း။

ပြည်နယ်နှင့်တိုင်း ၁၄ခုဖြင့် ဖွဲ့စည်းဖြစ်တည်နေသည့် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအစိတ်အပိုင်း အသီးသီး ၌ ဖြန့်ကြက်ပြီး အတူတကွ ပေါင်းစည်းယှက်နွှယ် မှီတင်း နေထိုင်လျက်ရှိကြသည့် တိုင်းရင်းသားလူမျိုးများအားလုံး ကို ရေမြေချင်းဆက်ပြီး တပေါင်းတစည်းတည်း ဖြစ်လာ

ဝေးပြီး သံသယပွားများစေမှု၊ လွဲမှားသည့် တစ်ယူသန် လူမျိုးရေး အစွဲအလမ်းများ သွတ်သွင်းခဲ့မှု၊ ဆူကြွံနိမ့်မြင့် ဆင်းရဲချမ်းသာကွာဟမှု၊ အတွေးအခေါ် အယူအဆများ ကွဲပြားခြားနားစေမှု စသည့် အနိဋ္ဌာရုံဆိုးကျိုးအားလုံးကို ဤပြည်ထောင်စုကြီးအတွင်းက အပြီးတိုင် ဖယ်ရှားပစ်နိုင် လိမ့်မည်ဟုလည်း နိုင်ငံတော်အစိုးရက ယုံကြည်ကြောင်း။

တိုင်းရင်းသားလူမျိုးများအကြား ဆက်သွယ်ဆက်ဆံမှု တိုးပွားကောင်းမွန်လာမှုကြောင့် အပြန်အလှန် ချစ်ကြည် ရင်းနှီးမှု၊ အပြန်အလှန် ကူညီရိုင်းပင်းမှု၊ အပြန်အလှန် အမှီ သဟဲပြုမှုတို့ ပိုမိုတိုးပွားခိုင်မာလာသည်နှင့်အမျှ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုအခြေခံများပါ ဆက်စပ်ဖြစ်ထွန်းလာ နေသည့် အခြေအနေ အချိန်အခါကောင်းကိုလည်း ယခု အခါတွင် ရောက်ရှိနေပြီဖြစ်ကြောင်း။

ပိုမိုခိုင်မြဲလာ

တစ်ပြိုင်တည်းမှာပင် စာသင်ကျောင်းများ၊ တက္ကသိုလ် ကောလိပ်များ၊ ဆေးရုံဆေးခန်းများ၊ ရေအားလျှပ်စစ် စီမံကိန်းများ၊ ကြေးနန်းဆက်သွယ်ရေးလုပ်ငန်းများ၊ ရုပ်မြင် သံကြားထပ်ဆင့်လွှင့်စက်ရုံများ၊ စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ စသည့် လူမှုစီးပွားရေး အခြေခံကောင်းများပါ တည်ဆောက်ထူထောင်ပေးလျက်ရှိသည့်အတွက် တိုင်းရင်း သား လူမျိုးများအားလုံးအကြား စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုများပါ အပြန်အလှန် ဆက်စပ်ဖြစ်ထွန်း လာခဲ့ပြီး၊ ခိုင်မာသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်၊ သွေးခွဲသပ်လျှိုမရနိုင်အောင် ကျစ်လျစ်မြဲမြံ

သည့် ပြည်ထောင်စုစိတ်ဓာတ်၊ တစ်သားတည်းဂ...
အမျိုးသားရေး အကျိုးစီးပွားတို့သည် ပိုမိုခိုင်...
လည်းဖြစ်ကြောင်း။

ယခုဆိုလျှင် ကျိုင်းတုံမြို့ကြီးသည် သံလွင်...
၏ မြို့တော်ကြီးအဖြစ် ထိုက်ထိုက်တန်တန် ...
ဝါဝါ ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီး ခုတင် ၂၀၀ဆံ့ ...
ကျိုင်းတုံဒီဂရီကောလိပ်၊ အစိုးရကွန်ပျူတာကော...
အစိုးရနည်းပညာကောလိပ်တို့အပြင် ဂျက်လေ...
ဆင်းသက်နိုင်သော အဆင့်မြင့်လေယာဉ်ကွင်...
ခေတ်မီမြို့ကြီးတစ်မြို့၏ အင်္ဂါရပ်များနှင့် ထိုက်...
အခြေခံအဆောက်အအုံများလည်း ဖြစ်ထွန်းတ...
ဖြစ်ကြောင်း။

ကျိုင်းတုံဒီဂရီကောလိပ်၊ ကျိုင်းတုံအစိုးရ ...
ကောလိပ်တို့၌ သစ်လွင်ခံ့ညားသည့် ပင်မအဆော...
များ တည်ရှိနေပြီဖြစ်သကဲ့သို့ ကျိုင်းတုံအစိုးရ ...
ကောလိပ် ပင်မအဆောက်အအုံသစ်ကြီး၏ ဖွ...
အနားကိုလည်း ယခုရက်ပိုင်းအတွင်းတွင် ကျင်း...
ဖြစ်ကြောင်း။

အကျိုးရလဒ်ကောင်း

ဤကဲ့သို့ ကျိုင်းတုံဒေသအပါအဝင် ရှမ်းပြ...
တစ်ခွင်လုံး၌ ခေတ်မီဖွံ့ဖြိုးတိုးတက်မှု အခြေခံ...
အလားအလာကောင်းများ ဖြစ်ထွန်းနေခြင်းသည...
ဒေသ တည်ငြိမ်အေးချမ်းမှု၊ တိုင်းရင်းသား ...
ညီညွတ်ရေး တိုးတက်ခိုင်မာမှုတို့က ဖန်တီး...

ရှမ်းပြည်နယ်တစ်ခွင်လုံး၌ ခေတ်မီဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ ဖြစ်ထွန်းနေခြင်းသည် နယ်မြေတည်ငြိမ်အေးချမ်းမှု၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး တိုးတက်ခိုင်မာမှုတို့၏ အကျိုးရလဒ်ဖြစ်

လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှု ဗဟိုအဖွဲ့ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ တာကော–ကျိုင်းတုံ လမ်းပိုင်း (တာကောပိုင်း) ကတ္တရာလမ်းသစ် ဖွင့်ပွဲမုခ်ဦးရှေ့၌ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြစဉ်။ (သတင်းစဉ်)

...ရန်နှင့် ရရှိပြီး ဖွံ့ဖြိုးမှုအခြေခံကောင်းများ တိုးပွားလာစေရန် ...င်းကျိုးချမ်းသာတရားများ ပွားစီးအောင် စောင့်ရှောက်မြှင့်တင်

သည့် ပြည်ထောင်စုစိတ်ဓာတ်၊ တစ်သားတည်းကျနေသည့် အမျိုးသားရေး အကျိုးစီးပွားတို့သည် ပိုမိုခိုင်မြဲလာခဲ့ပြီလည်းဖြစ်ကြောင်း။

ယခုဆိုလျှင် ကျိုင်းတုံမြို့ကြီးသည် သံလွင်အရှေ့ခြမ်း၏ မြို့တော်ကြီးအဖြစ် ထိုက်ထိုက်တန်တန် ထည်ထည်ဝါဝါ ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီး ခုတင် ၂၀၀ဆံ့ ဆေးရုံကြီး၊ ကျိုင်းတုံဒီဂရီကောလိပ်၊ အစိုးရကွန်ပျူတာကောလိပ်နှင့် အစိုးရနည်းပညာကောလိပ်တို့အပြင် ဂျက်လေယာဉ်များ ဆင်းသက်နိုင်သော အဆင့်မြင့်လေယာဉ်ကွင်း စသည့် ခေတ်မီမြို့ကြီးတစ်မြို့၏ အင်္ဂါရပ်များနှင့် ထိုက်တန်သည့် အခြေခံအဆောက်အအုံများလည်း ဖြစ်ထွန်းတည်ရှိနေပြီဖြစ်ကြောင်း။

ကျိုင်းတုံဒီဂရီကောလိပ်၊ ကျိုင်းတုံအစိုးရ ကွန်ပျူတာကောလိပ်တို့၌ သစ်လွင်ခံ့ညားသည့် ပင်မအဆောက်အအုံများ တည်ရှိနေပြီဖြစ်သကဲ့သို့ ကျိုင်းတုံအစိုးရ နည်းပညာကောလိပ် ပင်မအဆောက်အအုံသစ်ကြီး၏ ဖွင့်ပွဲအခမ်းအနားကိုလည်း ယခုရက်ပိုင်းအတွင်းတွင် ကျင်းပတော့မှာဖြစ်ကြောင်း။

အကျိုးရလဒ်ကောင်း

ဤကဲ့သို့ ကျိုင်းတုံဒေသအပါအဝင် ရှမ်းပြည်နယ်ကြီးတစ်ခွင်လုံး၌ ခေတ်မီဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ၊ အလားအလာကောင်းများ ဖြစ်ထွန်းနေခြင်းသည် နယ်မြေဒေသ တည်ငြိမ်အေးချမ်းမှု၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး တိုးတက်ခိုင်မာမှုတို့က ဖန်တီးဖော်ဆောင်ပေးလိုက်သည့် အကျိုးရလဒ်ကောင်းများဖြစ်သကဲ့သို့ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော် အင်အားသုံးရပ်ဖြင့်ပေါင်းစည်းညီညွတ်သည့် ကြိုးပမ်းအားထုတ်မှုများက ပေါက်ဖွားလာသော ကောင်းကျိုးချမ်းသာ တရားများလည်းဖြစ်ကြောင်း။

ထို့ကြောင့် ရှမ်းပြည်နယ် အရှေ့ပိုင်းအပါအဝင် ပြည်ထောင်စုကြီးတစ်ရပ်လုံး အစဉ်ထာဝရ ငြိမ်းချမ်းသာယာနေစေရန်နှင့် ရရှိဖြစ်ထွန်းပြီး ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ တိုးပွားဖွံ့ဖြိုးလာစေရန်အတွက် တိုင်းရင်းသား ပြည်သူများအားလုံးက အပြုသဘောကောင်းကျိုးချမ်းသာတရားများ ပွားစီးဖြစ်ထွန်းစေရအောင် ဆက်လက်ထိန်းသိမ်း စောင့်ရှောက်မြှင့်တင်ပေးကြပါဟု တိုက်တွန်းပြောကြားလိုကြောင်း။

လက်တွဲပေါင်းစည်းဆန့်ကျင်

တစ်ချိန်တည်းမှာပင် ကောင်းကျိုးချမ်းသာ မင်္ဂလာတရားများနှင့် ဆန့်ကျင်ဘက်ဖြစ်သည့် ဖျက်လိုဖျက်ဆီးလှုံ့ဆော်သွေးထိုးမှုများ၊ အကြမ်းဖက်မှုများ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပျက်ပြားအောင် သွေးခွဲသပ်လျှိုမှုများ၊ ပြည်ထောင်စုကြီးပြိုကွဲအောင် လုပ်ကြံဖန်တီးမှုများ စသည့် တိုင်းဖျက်ပြည်ဖျက်လုပ်ရပ်များ၏ အန္တရာယ်ဆိုးကို တိုင်းရင်းသားလူမျိုးများအားလုံးက ပြည်ထောင်စုစိတ်ဓာတ် အခြေခံဖြင့် လက်တွဲပေါင်းစည်း ဆန့်ကျင်ချေမှုန်းကြရန်လိုသည်ဟု တစ်ဆက်တည်း ပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ အဆင့်(၇)ဆင့်ပါဝင်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေး အမျိုးသားရေး ကြိုးပမ်းမှုကြီး အောင်အောင်မြင်မြင်ဖြင့် အစီအစဉ်တကျ ရှေ့သို့ တက်လှမ်းနေပြီဖြစ်သည့် အခြေအနေ အချိန်အခါကောင်းတွင် မျှော်မှန်းထားသည့် အမျိုးသားရေးပန်းတိုင်သို့ ချောမွေ့မြန်ဆန်စွာ ရောက်ရှိစေရေးအတွက် တိုင်းရင်းသားပြည်သူများအားလုံးက တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်အခြေခံဖြင့် တက်ညီလက်ညီ ဆက်လက် လက်တွဲပူးပေါင်းပြီး မိမိနိုင်ငံတော်၏ အနာဂတ်ကို မိမိတို့၏ အမျိုးသားရေးဦးတည်ချက်များနှင့်အညီ ကြိုးပမ်းတည်ဆောက်ပေးကြပါဟု တိုက်တွန်းပြောကြားသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက တာကော–ကျိုင်းတုံလမ်းပိုင်း လုပ်ငန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ လမ်းညွှန်ချက်အရ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး၊ နယ်စပ်ဒေသများအပါအဝင် ပြည်နယ်နှင့်တိုင်းများ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့ကိုရှေးရှုပြီး လမ်းများကို အသစ်ဖောက်လုပ်ခြင်း၊ လက်ရှိလမ်းများကို အဆင့်ဆင့် တိုးတက်ပြုပြင်ထိန်းသိမ်းခြင်း၊ တံတားများကို အသစ်တည်ဆောက်ခြင်း၊ တည်ဆောက်ပြီးတံတားများကို ပြုပြင်ထိန်းသိမ်းခြင်း စသည့်လုပ်ငန်းများကို နိုင်ငံတော်ကိုယ်စား တာဝန်ယူဆောင်ရွက်ပေးနေကြောင်း။

နိုင်ငံတော်တစ်ဝန်း ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူတည်ဆောက်ခဲ့သည့် လမ်းများအနေဖြင့် ကြည့်လျှင် ၁၉၈၈ခုနှစ်တွင် လမ်းမိုင်အရှည် စုစုပေါင်း ၁၃၆၃၅မိုင်ရှိခဲ့ရာက ယနေ့ဆိုလျှင် လမ်းမိုင်အရှည် စုစုပေါင်းမိုင် ၁၈၆၄၀ ရှိလာပြီဖြစ်သည့်အတွက် ၅၀၀၅မိုင် တိုးတက်ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့မြင်ကြရမှာဖြစ်ကြောင်း၊ ရှမ်းပြည်နယ်အတွင်းတွင် ၁၉၈၈ မတိုင်မီက လမ်းမိုင် ၄၀၇၇ မိုင်ရှိခဲ့ပြီး **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ❐

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း မိတ္ထီလာ–တောင်ကြီး–ကျိုင်းတုံ–တာချီလိတ် ပြည်ထောင်စုလမ်းမကြီး၏ တာကော–ကျိုင်းတုံ လမ်းပိုင်း(ကျိုင်းတုံပိုင်း) ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားတွင် လမ်းပိုင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၇–၆–၂၀၀၅ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၅။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၈း၀၀ ၆။ အတီးပြိုင်ပွဲ
၈း၁၀ ၇။ ကြေးမုံရိပ်သွင်တေးနယ်ဉ်
၈း၂၀ ၈။ ဘိုင်းဒါးရေလှောင်တမံ
၈း၃၀ ၉။ International News.
၈း၄၅ ၁၀။ English for Everyday Use.
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄း၃၀ ၃။ Practice in Reading..
၄း၄၅ ၄။ တေးဂီတအစီအစဉ်
၅း၀၀ ၅။ **အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – တတိယနှစ် (ရူပဗေဒအထူးပြုများ) (ရူပဗေဒ)**
၅း၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၅း၃၀ ၇။ အဆိုပြိုင်ပွဲ
၅း၄၅ ၈။ စစ်ကိုင်းတိုင်းပုထိုးလုံးတံတား
၅း၅၀ ၉။ အတီးပြိုင်ပွဲ
၆း၀၀ ၁၀။ တေးဂီအစီအစဉ်
၆း၁၀ ၁၁။ Discovery.
၆း၁၅ ၁၂။ တေးဂီအစီအစဉ်
၆း၃၀ ၁၃။ ညနေခင်းသတင်း
၇း၀၀ ၁၄။ မိုးလေဝသအခြေအနေ
၇း၀၅ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သောညီမ" (အပိုင်း–၄၀)**
၇း၃၅ ၁၆။ နှောင်းခေတ်တေးပဒေသာ
၈း၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ **မြန်မာရုပ်ရှင် "ဒဏ်ရာများနဲ့အချစ်" (ရန်အောင်၊လူမင်း၊ ထွန်းအိန္ဒြာဗိုလ်၊စိုးမြတ်နန္ဒာ ကြည်လဲ့လဲ့ဦး) [ဒါရိုက်တာ–နှောင်ထွန်းလွင်၊ ညီညီထွန်းလွင်]**
၂၁။ နောက်တစ်နေ့ အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

တိုင်းရင်းသားလူမျိုးအားလုံး၏အကျိုးကိုရှေးရှုပြီး ဒေသတစ်ခုချင်း ဖွံ့ဖြိုးတိုးတက်မှုကနေ ပြည်ထောင်စုကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်အောင် စနစ်တကျ စီမံဆောင်ရွက်ပေးနေ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့ တာကော–ကျိုင်းတုံလမ်းပိုင်း(တာကောပိုင်း) ကတ္တရာလမ်းသစ်ကိုဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြစဉ်။(သတင်းစဉ်)

❐ စာမျက်နှာ ၉ မှ

ယခုဆိုလျှင် ၄၅၃၀မိုင်ရှိလာပြီဖြစ်လို့ ၄၅၃မိုင် တိုးတက်ဖောက်လုပ်ပေးခဲ့ပြီးဖြစ်ကြောင်း။

လမ်းပိတ်ထားခဲ့ရ

မိတ္ထီလာ–တောင်ကြီး–ကျိုင်းတုံလမ်းသည် မူလရှိပြီးသား လမ်းဟောင်းတစ်ခုဖြစ်ကြောင်း၊ လမ်းမိုင် ၃၉၇မိုင်ရှိသည့်အနက် ရှမ်းပြည်နယ်အတွင်း၌ တောင်ကြောများ၊ ကျောက်တောင်များ ထူထပ်ကြောင်း၊ အထူးသဖြင့် ယနေ့ဖွင့်လှစ်သည့် တာကော–မိုင်းပျဉ်း–ကျိုင်းတုံ အပိုင်းတွင် ကျောက်တောင်လမ်းကျဉ်းများ၊သဲတောင်များ၊ရေစီးသန်သည့် တောင်ကျချောင်းများ၊ စိမ့်စမ်းများကို ဖြတ်ဖောက်ထားခဲ့ခြင်းဖြစ်ကြောင်း။

ချိုင့်ခွက်ကြီးများ၊ သဲတောင်ပြိုကျမှုများကြောင့် မော်တော်ကားများ ၁၅ရက်ကနေ တစ်လနီးပါးခန့်ကြာအောင် မောင်းနှင်ခဲ့ရသည့်အပြင် မတ်စောက်ကျဉ်းမြောင်းသည့် တောင်ကြော လမ်းကျဉ်းများ၌ မကြာခဏ ယာဉ်အန္တရာယ်ဖြစ်ပွားခဲ့ခြင်းများလည်းရှိကြောင်း၊ မိုးတွင်းကာလတွင် လမ်းပိတ်ထားခဲ့ရခြင်းများရှိကြောင်း။

၂၀၀၂ခုနှစ် နိုဝင်ဘာလတွင် နိုင်ငံတော်အကြီးအကဲက ဤလမ်းမကြီးကို လမ်းအဆင့် တိုးတက်ပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်ရန် လမ်းညွှန်ခဲ့သည့်အတွက် ယင်းအချိန်ကစပြီး လမ်းအပိုင်းများခွဲဝေတာဝန်ပေးဆောင်ရွက်စေခဲ့ကြောင်း။

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ရှမ်းပြည်နယ်အတွင်း ပေ၁၈၀နှင့်အထက် တံတားကြီးများကိုတည်ဆောက်ပေးလျက်ရှိရာ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် တံတားလေးစင်း၊ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် တံတား ငါးစင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် တံတားသုံးစင်း စုစုပေါင်း တံတား ၁၂စင်းကို တည်ဆောက်ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း၊

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ၊တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင် မိတ္ထီလာ–တောင်ကြီး–ကျိုင်းတုံ–တာချီလိတ် ပြည်ထောင်စုလမ်းမကြီး၏ တာကော–ကျိုင်းတုံလမ်းပိုင်း (ကျိုင်းတုံပိုင်း) ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားတွင် ကျေးဇူးတင်စကား ပြောကြားစဉ်။ (သတင်းစဉ်)

ဤလမ်းပိုင်းတွင် ကျောက်ရိုးစီ ရေထုတ်တံတားငယ် ၁၅၀ ကျော်၊ ကျောက်စီမြေထိန်းနံရံများနှင့် ကျောက်စီလမ်းဘေး ရေစီးမြောင်းများကို လိုသည့်နေရာတိုင်းတွင် တည်ဆောက်ထားကြောင်း၊ မူလသစ်သားတံတားများနေရာတွင်လည်း ကွန်ကရစ်တံတားများဖြင့် အစားထိုးဆောင်ရွက်ခဲ့ပြီး မူလလမ်းကျဉ်းကိုလည်း ပေ ၃၀အကျယ်ချဲ့၍ ကတ္တရာလမ်းကို တန် ၄၀ ခံနိုင်သည့်ဒီဇိုင်းဖြင့် ၁၂ပေအကျယ် ခင်းထားခြင်းဖြစ်ကြောင်း။

မိတ္ထီလာကနေ ကျိုင်းတုံအထိ ကားလမ်းကို ချောချောမွေ့မွေ့သွားလာနိုင်အောင် အဆင့်တိုးမြှင့်ဆောင်ရွက်နိုင်သည့်အတွက် ရှမ်းပြည်နယ်အရှေ့ပိုင်း ခရိုင်လေးခရိုင်၊ မြို့နယ် ၁၁ မြို့နယ်မှ တိုင်းရင်းသားပြည်သူ ကိုးသိန်းကျော်သည် ပြည်မနှင့်အချိန်မရွေးဆက်သွယ်သွားလာနိုင်မှာဖြစ်၍ စီးပွားရေး၊လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးအပိုင်းများ၌ ယခင်ကထက်ပိုပြီး တိုးတက်လာမှာဖြစ်သကဲ့သို့ အနေဝေးခဲ့သည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများသည် ကူးလူးဆက်သွယ်မှုများ ပိုများလာပြီး တိုင်းရင်းသားချစ်ကြည်ရေးကိုပါ ပိုမိုတိုးပွားလာစေနိုင်မှာ ဖြစ်ကြောင်းဖြင့်ပြောကြားသည်။

ကျေးဇူးတင်စကားပြောကြား

ယင်းနောက် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်က ကျေးဇူးတင်စကားပြောကြားရာတွင် တာကော–မိုင်းပျဉ်း–ကျိုင်းတုံ လမ်းအပိုင်း အဆင့်တိုးတက်ပြုပြင်တည်ဆောက်ခြင်း လုပ်ငန်းကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက အပိုင်းလေးခုခွဲပြီး တာဝန်ယူ ဆောင်ရွက်ခဲ့ပြီး ယနေ့ဖွင့်ပွဲအခမ်းအနားကျင်းပ၍ဖွင့်လှစ်နိုင်ပြီဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ ၁၉၈၉ခုနှစ် ဧပြီလအတွင်းရှမ်းပြည်နယ်(အရှေ့ပိုင်း) ခရီးစဉ်တွင်ရှမ်းပြည်နယ်အတွင်းရှိပြည်ထောင်စုလမ်းမကြီး ရာသီမရွေး လွယ်ကူချောမွေ့စွာသွားလာနိုင်အောင် ဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့ကြောင်း၊ ဤလမ်းညွှန်ချက်အရ ၁၉၈၉ ခုနှစ် မေလကစတင်ပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသည် လမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့ကြောင်း။

၂၀၀၂ခုနှစ်နိုဝင်ဘာလအတွင်းနိုင်ငံတော်အကြီးအကဲက မိတ္ထီလာ–တောင်ကြီး–ကျိုင်းတုံပြည်ထောင်စုလမ်းမကြီး၏ အဆင့်တိုးတက်ပြုပြင်ခြင်းလုပ်ငန်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့ခြင်းကြောင့်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ၂၀၀၂ခုနှစ် နိုဝင်ဘာလက စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

ဖွံ့ဖြိုးမှုနောက်ကျ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသသည် နိုင်ငံတော်၏ အရှေ့အစွန်အဖျားပိုင်း၌တည်ရှိနေပြီး အခြားသောပြည်နယ်/တိုင်းများနှင့် နှိုင်းယှဉ်လျှင် ဖွံ့ဖြိုးမှုနောက်ကျခဲ့ကြောင်း၊ ခေတ်အဆက်ဆက်ကတည်းက မိုးတွင်းကာလများ၌ ကျိုင်းတုံကနေ မိုင်းယန်း၊ တာချီလိတ်၊ တောင်ကြီး၊ မိုင်းယောင်း စသည့်မြို့များကို ရောက်အောင် သွားလာရန်အတွက် အခက်အခဲများစွာရှိသည့်အပြင် အချိန်လည်းများစွာပေးရကြောင်း၊ယခုဆိုလျှင် ယခင်အခြေအနေများထက် များစွာ တိုးတက်နေပြီဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်မှုများ လွယ်ကူအဆင်ပြေလာအောင်၊ ဒေသခံတိုင်းရင်းသား သွေးချင်းသားရင်းညီအစ်ကို မောင်နှမများ၏ ကူးသန်းသွားလာရေး အဆင်ပြေအောင် တစိုက်မတ်မတ် ဆောင်ရွက်ပေးခဲ့သည့် နိုင်ငံတော်အစိုးရအား ဒေသခံတိုင်းရင်းသားများကိုယ်စား လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါကြောင်း။

မိမိတို့ဒေသအပါအဝင် နိုင်ငံအဝန်း ဆူကြွနိမ့်မြင့်မရှိရန်၊ ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက် နည်းပါးစေရန်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားလူမျိုးအားလုံး၏ အကျိုးကို ရှေးရှုပြီး ဒေသတစ်ခုချင်း၏ ဖွံ့ဖြိုးတိုးတက်မှုကနေ ပြည်ထောင်စုကြီးတစ်ခုလုံးဖွံ့ဖြိုးတိုးတက်အောင်ဖွံ့ဖြိုးရေး စီမံကိန်းများရေးဆွဲပြီး စနစ်တကျ စီမံဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကိုလည်း ရှမ်းပြည်နယ်(တောင်ပိုင်း)ဒေသနှင့် လမ်းများဆက်စပ်သွယ်ယှက်ဖောက်လုပ်ပေးနိုင်ရန် မြစ်ကူးတံတားကြီးများ တည်ဆောက် ပေးရန် စီမံကိန်းများ ချမှတ်လုပ်ကိုင်ပေးနေကြောင်း၊ သံလွင်မြစ်ကူးတံတားတစ်စင်းဖြစ်သည့် တာဆန်းတံတားကြောင့် ရှမ်းပြည်နယ်(တောင်ပိုင်း)ဒေသနှင့် ရာသီမရွေး သွားလာနိုင်ပြီး တစ်ဆက်တစ်စပ်တည်း ဖြစ်လာခြင်းကြောင့် ပြည်ထောင်စုကြီး၏ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်စဉ်တွင် တစ်ပြေးညီ ယှဉ်တွဲပါဝင်လာနိုင်သည့် အခြေအနေကို ရောက်လာသည့်အတွက် ဒေသအနေဖြင့် ဂုဏ်ယူစရာအချက်တစ်ချက်ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံအဖြစ် ထူထောင်သည့်နေရာ၌ စီးပွားရေးအခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေး အကောင်အထည်ဖော်လျက်ရှိသကဲ့သို့ လမ်းပန်းဆက်သွယ်မှုဆိုင်ရာ အခြေခံအဆောက်အအုံများကိုလည်း ပြည့်စုံကောင်းမွန်လာစေရန်အတွက်လည်း ကြိုးပမ်းလုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း။

အချိန်တိုအတွင်းဖြစ်ထွန်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက်တွင်ခေတ်အဆက်ဆက်၊ အစိုးရအဆက်ဆက်တို့က လုပ်ကိုင်ဆောင်ရွက်ပေးခဲ့ခြင်းမရှိသည့်ဒေသဖွံ့ဖြိုးရေးများကို **စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ➪**

တစ်ပြေးညီ ယှဉ်တွဲပါဝင်လာနိုင်

ရှမ်းပြည်နယ် (အရှေ့ပိုင်း)ကိုလည်း ရှမ်းပြည်နယ် (တောင်ပိုင်း) ဒေသနှင့် လမ်းများ ဆက်စပ်သွယ်ယှက်ဖောက် လုပ် ပေးနိုင်ရန်၊ မြစ်ကူးတံတားကြီးများ တည် ဆောက် ပေးရန် စီမံကိန်းများ ချမှတ်လုပ်ကိုင်ပေးနေ၊ သံလွင်မြစ်ကူး တံတား တစ်စင်းဖြစ်သည့် တာဆန်းတံတားကြောင့် ရှမ်းပြည်နယ် (တောင်ပိုင်း)ဒေသနှင့် ရာသီမရွေး သွားလာနိုင်ပြီး တစ်ဆက် တစ်စပ်တည်းဖြစ်လာခြင်းကြောင့် ပြည်ထောင်စုကြီး၏ဖွံ့ဖြိုး တိုးတက်မှု ဖြစ်စဉ်တွင် တစ်ပြေးညီ ယှဉ်တွဲပါဝင်လာနိုင်။

➪ စာမျက်နှာ ၁၀ မှ

နိုင်ငံနှင့်အဝှမ်း နယ်မြေဒေသအားလုံး၌ အကြားအလပ်မကျန်အောင် ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၌ အထူးဖွံ့ဖြိုးရေးဒေသ သတ်မှတ်ပြီး အခြေခံပညာ ကျောင်းများ၊ ဒီဂရီကောလိပ်၊ နည်းပညာကောလိပ်၊ ကွန်ပျူတာကောလိပ် စသည်များ၊ ဆေးရုံ၊ ဆေးပေးခန်း၊ ဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးတို့ပါမကျန် လူမှုစီးပွားရေး အခြေခံကောင်းများကို စနစ်တကျ စီမံကိန်းချမှတ်ပြီး ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ ထိုဒေသအတွင်း၌ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ အချိန်တိုအတွင်း ဖြစ်ထွန်းလာခြင်းဖြစ်ကြောင်း။

ယနေ့ဖွင့်လှစ်လိုက်သည့် တာကော–မိုင်းပျဉ်း–ကျိုင်းတုံလမ်းမကြီးသည် နိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး အခြေခံကောင်းတစ်ရပ်ကို ဆောင်ရွက်ဖွင့်လှစ်ပေးလိုက်ခြင်းဖြစ်ကြောင်း၊ ဒေသခံပြည်သူများ၏ လူနေမှုဘဝသည်လည်း ဤလမ်းကြီးတိုးတက်ကောင်းမွန်လာသည်နှင့်အမျှ အထိုက်အလျောက်မြင့်မားတိုးတက်လာမှာ ဧကန်မလွဲဖြစ်ကြောင်း၊ ဤကဲ့သို့ ဒေသအတွက် အလွန်အရေးကြီးသည့် အခြေခံအဆောက်အအုံသစ်ကို တိုးတက်တည်ဆောက်အကောင်အထည်ဖော်ပေးခဲ့သည့် နိုင်ငံတော်အစိုးရအား ဒေသခံပြည်သူအားလုံး၏ကိုယ်စား အထူးကျေးဇူးတင်ဝမ်းမြောက်ကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် ဒေသခံပြည်သူများကိုယ်စား ကျိုင်းတုံမြို့မှ ရှမ်းတိုင်းရင်းသား ဦးစိုင်းလျိုးက မိမိတို့ ပြည်နယ်အတွင်း

မိတ္ထီလာ – တောင်ကြီး – ကျိုင်းတုံ – တာချီလိတ် ပြည်ထောင်စုလမ်းမကြီး၏ တာကော–ကျိုင်းတုံလမ်းပိုင်း (ကျိုင်းတုံပိုင်း)ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားတွင် ဒေသခံပြည်သူများကိုယ်စား ကျိုင်းတုံမြို့မှ ရှမ်းတိုင်းရင်းသား ဦးစိုင်းလျိုး မိမိတို့ပြည်နယ်အတွင်း ပြည်ထောင်စုလမ်းမကြီး တည်ဆောက်ပေးမှုနှင့် စပ်လျဉ်း၍ နိုင်ငံတော်အစိုးရအား ကျေးဇူးတင်ရှိကြောင်း ပြောကြားစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုလမ်းမကြီး တည်ဆောက်ပေးမှုနှင့် စပ်လျဉ်း၍ နိုင်ငံတော်အစိုးရအား ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

နေရာယူ

ယင်းနောက် အတွင်းရေးမှူး(၁)၊တိုင်းမှူးများနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် တာကော–ကျိုင်းတုံလမ်းပိုင်း (ကျိုင်းတုံပိုင်း) ဖဲကြိုးဖြတ်ဖွင့်လှစ်မည့် မင်္ဂလာမုခ်ဦးရှေ့၌ နေရာယူကြသည်။

ထို့နောက် မင်္ဂလာအချိန်ကျရောက်သည်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့က မိတ္ထီလာ–တောင်ကြီး–ကျိုင်းတုံ–တာချီလိတ် ပြည်ထောင်စုလမ်းမကြီး၏ တာကော–ကျိုင်းတုံလမ်းပိုင်း (ကျိုင်းတုံပိုင်း) ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့်အတူ တာကော–ကျိုင်းတုံကတ္တရာလမ်းသစ် (ကျိုင်းတုံပိုင်း)ဖွင့်ပွဲမုခ်ဦးရှေ့တွင် မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ဖြတ်သန်းကြည့်ရှု

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံတိုင်းရင်းသားပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြပြီး တာကော–ကျိုင်းတုံလမ်းပိုင်းကို ဖြတ်သန်းကြည့်ရှုကြသည်။

ကျိုင်းတုံမြို့၌ကျင်းပသည့် တာကော–ကျိုင်းတုံလမ်းပိုင်း(ကျိုင်းတုံပိုင်း) ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် တိုင်းမှူးများနှင့် အဖွဲ့ဝင်များလိုက်ပါလျက် တပ်မတော်ရဟတ်ယာဉ်ဖြင့် ကျိုင်းတုံမြို့မှ ထွက်ခွာကြပြီး မိတ္ထီလာ–တောင်ကြီး–ကျိုင်းတုံ–တာချီလိတ် ပြည်ထောင်စုလမ်းမကြီး၏ ကျိုင်းတုံ–တာကောလမ်းပိုင်း ကတ္တရာလမ်းသစ်အခြေအနေကို ရဟတ်ယာဉ်ပေါ်မှကြည့်ရှုစစ်ဆေးပြီး နံနက် ၉နာရီ ၄၅မိနစ်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့နယ် တာကောသို့ ရောက်ရှိကြသည်။

အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များအား တြိဂံဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်းနှင့်တပ်မတော်အရာရှိကြီးများ၊ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာချုပ်(လမ်း)ဦးကျော်တင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မိုင်းပျဉ်းမြို့နယ် တာကော(မိုင်တိုင်–၂၈၄)၌ ကျင်းပသည့် မိတ္ထီလာ–တောင်ကြီး–ကျိုင်းတုံ–တာချီလိတ် ပြည်ထောင်စုလမ်းမကြီး၏ တာကော–ကျိုင်းတုံလမ်းပိုင်း (တာကောပိုင်း) ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ကြသည်။

အဆိုပါ တာကော–ကျိုင်းတုံလမ်းပိုင်း(တာကောပိုင်း) ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားသို့ အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ဒေသခံ တိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အစီအစဉ်အရ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောထွန်းတို့က တာကော–ကျိုင်းတုံလမ်းပိုင်း(တာကောပိုင်း) ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့်အတူ တာကော–ကျိုင်းတုံလမ်းပိုင်း (တာကောပိုင်း) ကတ္တရာလမ်းသစ်ဖွင့်ပွဲ မုခ်ဦးရှေ့၌ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံမေးမြန်းနှုတ်ဆက်သည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် တပ်မတော်ရဟတ်ယာဉ်ဖြင့် မိုင်းပျဉ်းမြို့နယ် တာကောမှ ပြန်လည်ထွက်ခွာကြပြီး မိတ္ထီလာ–တောင်ကြီး–ကျိုင်းတုံ–တာချီလိတ် ပြည်ထောင်စုလမ်းမကြီး၏ တာကော–ကျိုင်းတုံလမ်းပိုင်း ကတ္တရာလမ်းသစ်အခြေအနေကို ရဟတ်ယာဉ်ပေါ်မှ ကြည့်ရှုစစ်ဆေးကြပြီး ကျိုင်းတုံမြို့သို့ နံနက် ၁၁နာရီတွင် ပြန်လည်ရောက်ရှိကြသည်။

ယနေ့ဖွင့်လှစ်သည့် တာကော–ကျိုင်းတုံလမ်းပိုင်းသည် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိတ္ထီလာ–တောင်ကြီး–ကျိုင်းတုံ–တာချီလိတ် ပြည်ထောင်စုလမ်းမကြီး၏ အစိတ်အပိုင်းတွင် ပါဝင်သည့် လမ်းပိုင်းဖြစ်သည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့နယ်အတွင်း ၇၉မိုင်နှင့် ကျိုင်းတုံမြို့နယ်အတွင်း ၃၅မိုင် (မိုင်တိုင်၂၈၃/၄မှ ၃၉၇/၄ထိ) စုစုပေါင်း ၁၁၄မိုင်အရှည်ရှိသည်။

ခရီးလမ်းပန်း လွယ်ကူချောမွေ့စွာ သွားလာနိုင်ရေးအတွက် ယခင်ကျောက်ချောလမ်းမှ ယခု ၁၂ပေအကျယ်ရှိ ကတ္တရာလမ်းသစ်အဖြစ် အဆင့်တိုးတက်ပြုပြင်ဆောင်ရွက်ပြီးစီးဖွင့်လှစ်ခြင်းဖြစ်သည်။ လမ်းပိုင်းအတွင်း လမ်းဖြတ်တံတားငယ် ၁၇၀ တည်ဆောက်ခဲ့ရသည်။

လမ်းပိုင်းတစ်ခုလုံးအတွက် ကျောက်ရိုးစီမြေထိန်းနံရံပြုလုပ်ခြင်းကျင်း၁၁၀၀အသုံးပြုခဲ့ရပြီး ကျောက်ရိုးစီ ရေမြောင်းပေ ၁၀၅၀၀ ဆောင်ရွက်ထားကြောင်းသိရသည်။(သတင်းစဉ်)

ဝန်ထမ်းရေးရာဦးစီးဌာန ပညာသင်ထောက်ပံ့ကြေးပေးအပ်

ရန်ကုန် ဇွန် ၁၆

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဝန်ထမ်းရေးရာဦးစီးဌာန ဝန်ထမ်းများ၏ သား၊ သမီးများအား ၂၀၀၅–၂၀၀၆ခု ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် ဝန်ထမ်းရေးရာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဝန်ထမ်းရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇံလှ၊ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ တက်ရောက်ကြပြီး ပညာသင်ထောက်ပံ့ကြေးများကို ညွှန်ကြားရေးမှူးချုပ်က ပေးအပ်သည်။ (သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်

ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာ ပန်းချီ၊ ပိုစတာနှင့် ဓာတ်ပုံပြိုင်ပွဲဆုရသူများစာရင်း ကြေညာ

ရန်ကုန် ဇွန် ၁၆

၂၀၀၅ခုနှစ် ဇွန် ၂၆ရက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာ ပန်းချီ၊ ပိုစတာနှင့် ဓာတ်ပုံပြိုင်ပွဲများအတွက် ပြိုင်ပွဲဝင်စာမူများနှင့် လက်ရာများကို အကဲဖြတ်ရွေးချယ်ရေးအဖွဲ့များက စိစစ်ရွေးချယ်ပြီး ဆုရရှိသူများစာရင်းကို ယနေ့ထုတ်ပြန်ကြေညာသည်။

ဝတ္ထုတိုပြိုင်ပွဲတွင် ဦးထွေးမောင်(ရေတာရှည် မောင်ငြိမ်းငယ်)၏"နယားရုပ်ခေါင်းလှုပ်လို့ကခဲ့ပြီ"ဝတ္ထုက ပထမဆု၊ ဦးစိုးရှိန်(မောင်စိုးထိုက်–သုံးဆယ်)၏"အချစ်ပြစ်ဒဏ်ခံပြီးအပြန်"ဝတ္ထုက ဒုတိယဆု၊ ရဲအုပ် ရဲညွှန့်(ရဲရဲထွန်းဟသ်ာတ)၏"သဇင်တောင်မှာ ပွင့်သောပန်း" ဝတ္ထုက တတိယဆုရရှိကြပြီး အထူးဆုများအဖြစ် မောင်တင်မောင်စိုး(မောင်စိုး–သချာ်)၏ "မူးယစ်လှိုင်တို့ ပြေသောအခါ"၊ ဗိုလ်ကြီးတင်အောင်စိုး(ပန်းမြို့တော်)၏"အရောင်ညီနှလုံးသား"၊ ဦးမောင်သန်း(မောင်သက်နှင်း မ/ဥ)၏ "မာယာဘုံမှပုံတစ်သွယ်"၊ ဦးစိုးမြင့်(ချစ်လွမ်းပို)မြန်မာ့အသံ၏"အစိုင်အခဲနှင့် အခိုးအငွေ့တို့၏ဇာတ်ကြောင်း"နှင့် ခင်လေးလှိုင်၏ "မူးယစ်ကင်းစင် ချစ်နဒီ"တို့က အသီးသီးရရှိကြသည်။

ဆောင်းပါးပြိုင်ပွဲတွင် ဦးစိုးရှိန်(မောင်စိုးထိုက်–သုံးဆယ်)၏ "ဘိန်းပင်နုတ် ဘိန်းငုတ်ရှင်း ဘိန်းခင်း မြေယာဖြစ်စေမည်"ဆောင်းပါးက ပထမဆု၊ ဒေါ်မြင့်မြင့်အေး(ထက်ထက်ဦးဝေ)၏ "အောင်ပွဲဖြင့်အလှဆင် မူးယစ်ကိုဆန့်ကျင်"ဆောင်းပါးက ဒုတိယဆု၊ အရာခံဗိုလ်စန်းလွင်(ရဲတံခွန် ဘောလယ်ကျွန်း)၏"မူးယစ်ကင်းစင် အလှဆင်"ဆောင်းပါးက တတိယဆုရရှိကြပြီး အထူးဆုများအဖြစ် ဒေါ်တင်မြင့်၏ "မူးယစ်ကင်းစင် အလှဆင်"၊ ဦးသိန်းဝင်း(မူဆယ် ဝေါင်းခမ်း)၏ "အဖြူရောင်လေညင်းကိုတဲ့ ရှူရှိုက်ရင်းအလှဆင်"၊ ဒေါ်ခင်အုန်းမြင့်(နန္ဒာခင်–သက္ကလမြေ)၏ "ရွှေရောင်အနာဂတ်အမွေနှင့် မြန်မာ့မြေ"၊ဒေါက်တာမြင့်သန်း (ညောင်လေးပင်)၏ "မူးယစ်ကင်းစင် အလှဆင်"နှင့် ဦးအောင်မြင့်၏ "မြန်မာ့ဂုဏ်ရည် သက်သေတည်၍"တို့က အသီးသီးရရှိကြသည်။

ကဗျာပြိုင်ပွဲတွင် နန်းစောညွန့်(စောငယ်ငယ်–မိုးညင်း)၏ "မူးယစ်ဆန့်ကျင်အောင်ပွဲဆင် လျင်မြန်ရှေ့သို့ ချီတက်စို့"ကဗျာက ပထမဆု၊ ဦးသန်းဝင်း(မင်းယဉ်စု)၏ "လောကအညစ်အကြေး မူးယစ်ဆေး မနေးရှောင်ကြဉ်နှောင်အစဉ်"ကဗျာက ဒုတိယဆု၊ မစောဣန္ဒာသက်မောင်၏"ရာစုသစ် ရွှေခေတ်မြန်ပြည်" ကဗျာက တတိယဆုရရှိကြပြီး အထူးဆုများအဖြစ် ဦးရည်မွန်အောင်၏ "မူးယစ်ဆန့်ကျင်အောင်ပွဲ ဆင်"၊ ဦးမောင်မောင်နန်းနွယ်၏ "၂၀၁၄ မူးယစ်ဆေး ကင်းဝေးပပျောက်စေရမည်"၊ အရာခံဗိုလ်မိုးအောင်(မောင်မောင်မိုးအောင်)၏ "အမျိုးသားရေးတာဝန် ထမ်းကျေပွန် အားသွန်တိုက်ဖျက်လက်ချင်းယှက်"၊ ဦးမျိုးခိုင်(မျိုးခိုင်–မူဆယ်)၏"မူးယစ်ဆန့်ကျင်အောင်ပွဲဆင် စွမ်းအင်ဖြိုးဖြိုး ပြည့်အကျိုး သယ်ပိုးဆောင်ရွက် ခေတ်စဉ်ဆက် ထက်မြက်ခဲ့ကြသည်"နှင့် ဦးကျော်ထွန်း(အဖျောက်မြေမောင်ဆွေမွန်)၏ "ပန်းတိုင်သစ်သို့ ခြေလှမ်းများ"တို့က အသီးသီးရရှိကြသည်။

တေးသီချင်းပြိုင်ပွဲတွင် ရွှန်းလဲ့ရတနာ၏ "အနာဂတ်အတွက် သီချင်းပန်းတစ်ပွင့်"တေးသီချင်းက ပထမဆု၊ နေမျိုးမင်း၏ "အိပ်မက်လမ်းမှပြန်ခဲ့ပါ"တေးသီချင်းက ဒုတိယဆု၊ လေးနိုင်မင်း၏"မူးယစ်ဆန့်ကျင် တိုက်ဖျက်မည်" တေးသီချင်းက တတိယဆုရရှိကြပြီး အထူးဆုများအဖြစ် ဝေလင်း(သုခုမမိသားစု)၏ "ငြိမ်းချမ်းရေးသစ္စာစကား"၊ ဝင်းထွန်း(မြဝတီ)၏ "မူးယစ်ဆန့်ကျင်အောင်ပွဲ ဆင်ပြီ"၊ စိုင်းအောင်ခမ်း၏ "ကမ္ဘာမြေတစ်ဝှမ်း အေးချမ်းလှပစေ"၊ မိုးသူ၏"ပန်းတိုင်သစ်ဆီသို့"နှင့် တင်မောင်လှိုင်၏ "မသုံးနဲ့–––မူးယစ်ဆေး"တို့က အသီးသီးရရှိကြသည်။

အသက်(၁၀)နှစ်အောက် ပန်းချီပြိုင်ပွဲတွင် မမေထူးမြတ်မွန် မြို့မအလက(ကျောက်တန်း)က ပထမဆု၊ မောင်သူရပိုင်စိုး အမက(၂၄)ပုသိမ်က ဒုတိယဆု၊ မနီလာရွှန်းလက် အထက(၁)ဒဂုံက တတိယဆုရရှိကြပြီး အထူးဆုများအဖြစ် မသီတာဆွေ အမက(ဝါးခယ်မ)၊ မဆုဉာဏ်မိုး အထက(၂)လသာ၊ မဖြိုးအိဇင် အမက(၉)တာမွေ၊ မလင်းထက်မြင့်မွန် အထက(၈)မန္တလေးနှင့် မဖြူဖွေးသန့် အမက(ဝါးခယ်မ)တို့က အသီးသီးရရှိကြသည်။

အသက် (၁၀–၁၅)နှစ်အောက် ပန်းချီပြိုင်ပွဲတွင် မခိုင်မြတ်မျိုးထွန်းလင်း ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်းက ပထမဆု၊ မောင်ဟိန်းထက်အောင် ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်းက ဒုတိယဆု၊ မောင်စည်သူအောင် အထက(၅)တာမွေက တတိယဆုရရှိကြပြီး အထူးဆုများအဖြစ် မထူးဒါလီကိုကို အထက(၂)လသာ၊ မောင်သက်ပိုင်စိုး အထက(၆)ပုသိမ်၊ မမြတ်နိုးရတနာစံ အထက(၃)တာမွေ၊ မောင်ထက်နိုင်လင်း အထက(၁)ဒဂုံနှင့် မအေးမြတ်သူ အထက(၂)လသာတို့က အသီးသီးရရှိကြသည်။

အသက်(၁၅–၂၀) နှစ်အောက် ပန်းချီပြိုင်ပွဲတွင် မောင်ဝင်းမြတ်သူ အထက(၃)တာမွေက ပထမဆု၊ မောင်စည်သူအောင် ဒဂုံတက္ကသိုလ်က ဒုတိယဆု၊ မောင်ရဲထွဋ်အောင် ပထမနှစ်(အင်္ဂလိပ်စာ)က တတိယဆုရရှိကြပြီး အထူးဆုများအဖြစ် မဇင်မာငြိမ်း(ယဉ်ကျေးမှုတက္ကသိုလ်)၊ မပွင့်ငွေဇာ ဒဂုံတက္ကသိုလ်၊ စိုင်းလောဝ်ခမ်း အထက(၆)တောင်ကြီး၊ မဝင့်ဖြူထွေး အထက(၂)ရန်ကင်းနှင့် မောင်ဇဟိန်း အထက(၆)ပုသိမ်တို့က အသီးသီးရရှိကြသည်။

အသက်(၂၀)နှစ်အထက် ပန်းချီပြိုင်ပွဲတွင် ဦးအောင်မိုး(ရှမ်းလေးပန်းချီ)က ပထမဆု၊ မသဇင်စိုးမြင့်က ဒုတိယဆု၊ ဦးမောင်မောင်(ကျောက်တန်း)က တတိယဆုရရှိကြပြီး အထူးဆုများအဖြစ် မသက်ဖြူဝင်း၊ ဦးညီလေးမြင့်(တောင်ငူ)၊ ဦးရဲထွဋ်(တောင်ငူ)၊ ဦးချစ်ဟန်(ပန်းချီနေလှိုင်း)နှင့် မောင်ကျော်ဆင့်တို့က အသီးသီးရရှိကြသည်။

အသက်(၁၀)နှစ်အောက် ကာတွန်းပြိုင်ပွဲတွင် မပန်းအိန္ဒြေနိုင် အထက(၂)ကျောက်တန်းက ပထမဆု၊ မမေမြတ်နိုးနွယ် အမကလွန်(၃)ဗဟန်းက ဒုတိယဆု၊ မဖြိုးအိဇင် အမက(၉)တာမွေက တတိယဆုရရှိကြပြီး အထူးဆုများအဖြစ် မောင်ကုဋေပိုင်စိုး အထက(ရွှေတောင်)၊မောင်သံဇော်တွယ်တာ အလက(၁)ပုသိမ်၊ မောင်အောင်သီ ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း၊ မောင်ကျော်ဇင်သန့် အထက(၁၄)ချမ်းမြသာစည်နှင့် မယုမွန်အောင် အထက(၅)ဗိုလ်တထောင်တို့က အသီးသီးရရှိကြသည်။

အသက်(၁၀–၁၅)နှစ်အောက် ကာတွန်းပြိုင်ပွဲတွင် မောင်ကျော်လွင် အထက(၁)ပဲခူးက ပထမဆု၊ မောင်အောင်သူရ အထက(၁)မန္တလေးက ဒုတိယဆု၊ မောင်ရဲဇာနည်အောင် ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်းက တတိယဆုရရှိကြပြီး အထူးဆုများအဖြစ် မခိုင်ဇာသွင် အထက(၁)သာကေတ၊ မချိုနွယ်လှိုင် အထက(၁)ကျောက်တံတား၊ မမြတ်မွန်ကိုကို လေ့ကျင့်ရေးအလယ်တန်းကျောင်း၊ မောင်ဟိန်းပိုင်ထူးချစ် အထက(၉)မော်လမြိုင်နှင့် မောင်ဟင်နရီသက်ဆွေဦး ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်းက အသီးသီးရရှိကြသည်။

အသက်(၁၅–၂၀)နှစ်အောက် ကာတွန်းပြိုင်ပွဲတွင် မပြည်ချစ် (တောင်ကြီးပညာရေးကောလိပ်)က ပထမဆု၊ မောင်ဝေယံမြင့် အထက(၃)ဗန်းမော်က ဒုတိယဆု၊ မဝင်းဝင်းမော် ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်းက တတိယဆုရရှိကြပြီး အထူးဆုများအဖြစ် မဝင့်ဖြူထွေး အထက(၂)ရန်ကင်း၊ မောင်ရဲမြတ်အောင် အထက(၂) ဒဂုံဆိပ်ကမ်း၊ မောင်ရဲထွဋ်အောင် ပထမနှစ်(အင်္ဂလိပ်စာ)၊ မောင်ဝင်းမြတ်သူ အထက(၃)တာမွေနှင့် မဝင်းသူဟန် အထက(၂)လသာတို့က အသီးသီးရရှိကြသည်။

အသက်(၂၀)နှစ် အထက် ကာတွန်းပြိုင်ပွဲတွင် ဒေါ်နီလာမြင့်(ကာတွန်းနီလာမြင့်–မြို့တော်စည်ပင်)က ပထမဆု၊ မသီတာမြင့်(နယ်စပ်/စည်ပင်)က ဒုတိယဆု၊ ဦးမျိုးဟန်(မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်)က တတိယဆုရရှိကြပြီး အထူးဆုများအဖြစ် မောင်တေဇာဝင်း(သာကေတ)၊ စာမျက်နှာ ၁၂ ကော်လံ ၄ သို့ ❐

✧ ကျောဖုံးမှ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့်အဖွဲ့ဝင်များသည် နယ်မြေခံ တပ်ရင်းခန်းမ၌ အရာရှိ၊ စစ်သည်မိသားစုဝင်များအား တွေ့ဆုံပြီး မိသားစုဝင်များ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ သက်သာချောင်ချိရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ တာဝန်ရှိသူ အဆင့်ဆင့်က စနစ်တကျဆောင်ရွက်ပေးရေး၊ မိသားစုဝင်ငွေတိုးတက်စေရေးအတွက် တစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားကာ မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ရှင်းလင်းတင်ပြ

ထို့နောက် မွန်းလွဲ ၁နာရီခွဲတွင် အင်္ဂပူမြို့နယ် တပ်ကုန်းကျေးရွာအနီး၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၈)က ဆောင်ရွက်လျက်ရှိသော ကညင်ရေလှောင်တမံစီမံကိန်းသို့ ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ တည်ဆောက်ရေး(၈)ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မြင့်လှိုင်က ကညင်ရေလှောင်တမံ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါ ကညင်ရေလှောင်တမံစီမံကိန်းသည် စိုက်ပျိုးမြေဧက ၂၅၀၀၀ကို ရေပေးဝေနိုင်မည်ဖြစ်ပြီး လျှပ်စစ်ဓာတ်အား ငါးမဂ္ဂါဝပ် ထုတ်လုပ်နိုင်မည့် စီမံကိန်းဖြစ်သည်။ တမံမှာ မြေသားတမံအမျိုးအစားဖြစ်ပြီး ပင်မတမံအလျားပေ၃၇၅၀၊ ကုန်းကျောတမံ အလျားပေ ၂၈၅၀၊ အမြင့် ၁၉၄ပေ ရှိမည်ဖြစ်သည်။

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့်အဖွဲ့ဝင်များသည် မွန်းလွဲ၂နာရီတွင် မြန်အောင်မြို့နယ် မျှင်ဝါးတောင်ရှိ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၈)က တာဝန်ယူ ဆောက်လုပ်နေသည့် မမြရေလှောင်တမံစီမံကိန်း ရေပိုလွှဲတည်ဆောက်မှု လုပ်ငန်းခွင်သို့ ရောက်ရှိကြပြီး လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို ရှုရပ်မှ ကြည့်ရှုသည်။

ယင်းနောက် စီမံကိန်း ရှင်းလင်းဆောင်၌ ဒုတိယ ညွှန်ကြားရေးမှူး ဦးကျော်မြင့်လှိုင်က မမြရေလှောင်တမံစီမံကိန်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများ၊ ဆက်လက်ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်း အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက သတ်မှတ်ကာလအတွင်း စီမံကိန်းပြီးစီးရေး မှာကြားပြီး လိုအပ်သည်များကို ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ရေထုတ်ပြွန်၊ ရေထိန်းမျှော်စင်နှင့် မြေသားတမံ တည်ဆောက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ မမြရေလှောင်တမံမှာ မြေသားတမံအမျိုးအစားဖြစ်ပြီး တမံအလျားပေ ၁၁၈၀၀၊ တမံအမြင့်ပေ ၁၅၀ ရှိသည်။ ရေထုတ်ပြွန်နှင့်ရေပိုလွှဲမှာ သံကူကွန်ကရစ် အမျိုးအစားဖြစ်သည်။

ကန်ရေပြည့် ရေလှောင်ပမာဏမှာ ဧကပေ ၇၀၀၀၀ နှင့် ကန်ရေသေ ရေလှောင်ပမာဏမှာ ဧကပေ ၄၅၀၀ဖြစ်ပြီး အဆိုပါမမြရေလှောင်တမံစီမံကိန်း ပြီးစီးပါက မြန်အောင်မြို့နယ်အတွင်းရှိ လယ်မြေဧက ၁၀၀၀၀ ကို ရေသွင်းစိုက်ပျိုးနိုင်မည့်အပြင် မမြချောင်း ဝဲ၊ယာရှိ လယ်ယာမြေများ ရေကြီးနစ်မြုပ်ခြင်းမှ ကာကွယ်နိုင်ပြီး ရေအားလျှပ်စစ်ဓာတ်အား နှစ်မဂ္ဂါဝပ်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့်အဖွဲ့ဝင်များသည် ညနေ၃နာရီတွင် ဟင်္သာတခရိုင် ကြံခင်းမြို့သို့ ရောက်ရှိပြီး မြို့နယ်အဆင့် ဌာနဆိုင်ရာများအား တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ကြံခင်းမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးပုက ကြံခင်းမြို့နယ်၏ စီးပွားရေး၊ လူမှုရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ၊ စိုက်ပျိုးမြေအသုံးချမှု၊ ၂၀၀၄–၂၀၀၅ခုနှစ် မိုးစပါးစိုက်ပျိုးခဲ့မှု အခြေအနေနှင့် ၂၀၀၅–၂၀၀၆ခုနှစ် မိုးစပါးစိုက်ပျိုးရန် လျာထားချက်နှင့်အညီ ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ မိုးစပါးပြီးပါက တစ်နှစ်သုံးသီးလျာထားချက်အရ ပဲသီးနှံနှင့် နွေစပါးစိုက်ပျိုးရန်လျာထားမှု၊ နှစ်ရှည်ပင်သီးနှံများနှင့် အမယ်သစ်သီးနှံများမှ ငရုတ်ကောင်းပင်ကို စီမံကိန်းလျာထားချက်နှင့်အညီ စိုက်ပျိုးဆောင်ရွက် ပြီးစီးမှုနှင့် ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်ပတ်သက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ကြံခင်းမြို့နယ်သည် ဆန်နှင့်ဆီဖူလုံမှုရှိပြီး စီးပွားရေးအရ သင့်တင့်ကောင်းမွန်သည့် မြို့နယ်တစ်ခုဖြစ်ရာ ယခုထက် ပိုမိုတိုးတက်စေရန်အတွက် မြို့နယ်၏ အဓိက စီးပွားရေးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို တိုးတက်ဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံတော်က သတ်မှတ်ပေးထားသည့် အဓိကသီးနှံ ၁၀မျိုး၊ အမယ်သစ်သုံးမျိုး၊ ဒေသနှင့်ကိုက်ညီသည့် နှစ်ရှည်ပင်များကို တိုးတက်စိုက်ပျိုးဆောင်ရွက်ရန်လိုကြောင်း။

အထူးသဖြင့် ၂၀၀၅–၂၀၀၆ ခုနှစ်တွင် ဧရာဝတီတိုင်း၌ မိုးစပါးဧက ၃၆သိန်း စိုက်ပျိုးရန်လျာထားချက်ကို ပြည့်မီအောင် မြို့နယ်အတွက် သတ်မှတ်ချက်နှင့်အညီ စိုက်ပျိုးရန်လိုကြောင်း၊ တည်ဆောက်ပြီးဖြစ်သည့် ကွန်ချောင်းရေလှောင်တမံက ပေးဝေမည့် ရေဖြင့် နွေစပါးဧကခြောက်ထောင် စိုက်ပျိုးရန်လျာထားချက်ကိုလည်း ပြည့်မီအောင် စိုက်ပျိုးရန်လိုကြောင်း။

ဤဒေသသည် ပဲစိုက်ပျိုးမှု များသည့်ဒေသဖြစ်သည့် အားလျော်စွာ ကွန်ချောင်းဆည်ရေဖြင့် မိုးစပါး၊ ပဲနှင့် နွေစပါးအပါအဝင် တစ်နှစ်သုံးသီး စိုက်ပျိုးရန် လုံ့လဝီရိယစိုက်ထုတ် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ဖြည့်ဆည်းဆောင်ရွက်

နိုင်ငံတော်က နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ အထူးဒေသကြီး ၂၄ ခု စီမံကိန်းတို့အပြင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် စီမံကိန်းကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ စီးပွားရေးတောင့်တင်းခိုင်မာရေးနှင့် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့သည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်သုံးရပ်ဖြစ်ရာ ယင်းလိုအပ်ချက်များပြည့်စုံဖြစ်ထွန်းလာစေရန် နိုင်ငံတော်အပိုင်းက ဖြည့်ဆည်းဆောင်ရွက်ပေးသကဲ့သို့ ဒေသတာဝန်ခံများနှင့် ပြည်သူများကလည်း ပူးပေါင်းလက်တွဲမှသာ မိမိတို့ရည်မှန်းသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ပေါ်ထွန်းလာမည်ဖြစ်ကြောင်း။

ထို့ကြောင့် ကြံခင်းမြို့နယ်မှ တာဝန်ရှိသူများသည် မိမိတို့မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးမှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မျှော်မှန်းပြီး တက်ညီလက်ညီ ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်းဖြင့် ပြောကြားပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့်အဖွဲ့ဝင်များသည် ညနေ ၄နာရီခွဲတွင် အမှတ်(၁) စက်မှုဝန်ကြီးဌာန ကြံခင်းဘိလပ်မြေစက်ရုံသို့ ရောက်ရှိရာ စက်ရုံရိပ်သာ၌ စက်ရုံမှူးဦးဇော်ဝင်းက စက်ရုံ၏ တည်နေရာ၊ စက်ရုံတည်ဆောက်ခဲ့ပုံနှင့် ရင်းနှီးမြှုပ်နှံမှု၊ ကုန်ကြမ်းရရှိမှု၊ စက်စွမ်းအား၊ စွမ်းအင်ရရှိသုံးစွဲမှု၊ ကုန်ကြမ်းထုတ်လုပ်မှုနှင့် ကုန်ကြမ်းလက်ကျန်အခြေအနေ၊ ကုန်ထုတ်လုပ်မှု အဆင့်ဆင့်တို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်ပတ်သက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ် သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကြံခင်းဘိလပ်မြေစက်ရုံသည် နိုင်ငံတော်အတွက် အားထားရသည့်စက်ရုံဖြစ်သဖြင့် တာဝန်ရှိသူ အဆင့်ဆင့်က လုပ်ငန်းများကို အလေးထား ကြိုးစားဆောင်ရွက်ကြရန် မှာကြားသည်။

(သတင်းစဉ်)

ငွေရတုကျောင်းတော် ဆောက်လုပ်ရေးအတွက်ငွေလှူ

ရန်ကုန် ဇွန် ၁၆

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းရပ်ကွက် အင်းစိန်လမ်းမကြီး အမှတ်(၆)ရှိ မဟာစည်သြဝါဒခံ ညောင်ကန်အေးသာသနာ့ရိပ်သာ (၂၅)နှစ်ပြည့် ငွေရတုကျောင်းတော်ဆောက်လုပ်လျက်ရှိရာအင်းစိန်မြို့နယ်ရွာမအရှေ့ရပ်ကွက်နေ ဦးကျော်ဖံသာ–ဒေါ်တင်အေး၊ သားမောင်ကျော်ဇော်ဦး၊ သမီး မအေး အေးစံ မိသားစုက ငွေကျပ် ၇၀၀၀၀၀၊ မရမ်းကုန်းမြို့နယ် အောင်မေတ္တာလမ်းနေ ဦးထွန်းကြည်၊ ဒေါ်သန်းစိန်၊ မြေးမဉာဏစာရီတို့က ငွေကျပ် ၁၁၀၀၀၀၊ (၂၅)ကြိမ်မြောက် သင်္ကြန်တရားစခန်းဝင် ရဟန်းရှင်လူယောဂီများက ငွေကျပ် ၁၀၁၀၀၀၊ သထုံမြို့နယ် နောင်ဘိုရွာနေ ဦးကြီးရွှေ–ဒေါ်ခင်လှမိသားစု၊ ဆရာလေး ဒေါ်ဝဏ္ဏာထေရီ၊ ဦးကြီးရွှေလေး–ဒေါ်ထွေးညွန့်မိသားစုက ငွေကျပ် ၁၀၀၀၀၀၊ မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းနေ ဒေါက်တာအေးမြက(ဒုတိယအကြိမ်) ငွေကျပ် ၁၀၀၀၀၀၊ စမ်းချောင်းမြို့နယ် ညောင်တုန်းလမ်းနေ ဦးကျော်ညွန့် – ဒေါ်သောင်းသောင်း မိသားစုက နှစ်ဖက်မိဘများနှင့် သမီး မသန်းသန်းမြင့်အား ရည်စူး၍ ငွေကျပ် ၁၀၀၀၀၀၊ အင်းစိန်မြို့နယ် ကြို့ကုန်းအနောက် မီးရထားကြီးကြပ်ရေးဝန်ထမ်းအိမ်ရာနေ ဦးထိန်လင်းဦး–ဒေါ်လှလှ၊ သား မောင်ကောင်းမြတ်ငြိမ်းက နှစ်ဖက်သော မိဘများအား အမှူးထား၍ ငွေကျပ် ၁၀၀၀၀၀၊ အင်းစိန်မြို့နယ် ဘုန်းကြီးလမ်းနေ ဒေါ်ကြင်ခက(၈၀)ပြည့်မွေးနေ့ ငွေကျပ် ၁၀၀၀၀၀၊ မရမ်းကုန်းမြို့နယ် သမိုင်းခဝဲခြံ ဥပုသ်သည်များက ငွေကျပ် ၁၀၀၀၀၀ လှူဒါန်းကြသည်။ (က–ပ)

❐ စာမျက်နှာ ၁၁ မှ

ဦးသိန်းထွန်း(ကာတွန်းသိန်းထွန်း)၊ ဦးချစ်ဟန်(ပန်းချီနေလှိုင်း)၊ ဦးကောင်းမြတ်(နီမုဒ့်–မော်လမြိုင်)နှင့် ဦးငွေအောင် (ကာတွန်းငွေအောင်)တို့က အသီးသီးရရှိကြသည်။

အသက်(၁၀)နှစ်အောက် ပိုစတာပြိုင်ပွဲတွင် မောင်ထူးထက်ကျော် (မြို့မ အလက–ကျောက်တန်း)က ပထမဆု၊ မောင်ကျော်ဇင်သန့် အထက(၁၄)ချမ်းမြသာစည်က ဒုတိယဆု၊ မထူးထက်ထက်လင်း(မြို့မ အလက–ကျောက်တန်း)က တတိယဆုရရှိကြပြီး အထူးဆုများအဖြစ် မောင်သူရပိုင်စိုး အမက(၂၄)ပုသိမ်၊မောင်အောင်သီ ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း၊ မဟန်နီထက်ထက် အမက(၁၁)မှူလွန် ချမ်းမြသာစည်၊ မဆုမွန်ဇော် အမက(၃၀) လှိုင်နှင့် မရွှေရည်ဝင်းလဲ့မောင် အမက(၁၁)မှူလွန် မဟာအောင်မြေ(မန္တလေး) တို့က အသီးသီးရရှိကြသည်။

အသက် (၁၀–၁၅)အောက် ပိုစတာပြိုင်ပွဲတွင် မောင်သက်မိုးနိုင် အထက(၂)ကျောက်တန်းက ပထမဆု၊ မောင်ဟိန်းထက်အောင် ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်းက ဒုတိယဆု၊ မအေးဝတီကိုကို အထက(၂)လသာက တတိယဆုရရှိကြပြီး အထူးဆုများအဖြစ် မနှင်းနွယ်နွယ်အောင် အမက–ရွှေကုန်း (ကျောက်တန်း)၊ မခိုင်မြတ်ထွန်းလင်း ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း၊ မထူးဒါလီကိုကို အထက(၂) လသာ၊ မောင်ရဲရင့်နိုင်ဦး ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း၊ မောင်သက်ပိုင်စိုး အထက(၆)ပုသိမ် တို့က အသီးသီးရရှိကြသည်။

အသက်(၁၅–၂၀)နှစ်အောက် ပိုစတာပြိုင်ပွဲတွင် မောင်ဇင်ကိုကို အထက(၄)အလုံက ပထမဆု၊ မောင်ရဲထွဋ်အောင် ပထမနှစ်(အင်္ဂလိပ်စာ)က ဒုတိယဆု၊ မောင်ရဲမြတ်အောင် အထက(၂)ဒဂုံဆိပ်ကမ်းက တတိယဆုရရှိကြပြီး အထူးဆုများအဖြစ် မနီနီဝင်း အထက(ပေါက်)၊ မောင်ဝင်းမြတ်သူ အထက(၃)တာမွေ၊ မအိမွန်ငွေ(သဲကုန်းမြို့)၊ မဇင်မာငြိမ်း (ယဉ်ကျေးမှုတက္ကသိုလ်)နှင့် မောင်ဗဟိန်း အထက(၆)ပုသိမ်တို့က အသီးသီးရရှိကြသည်။

အသက်(၂၀)နှစ်အထက် ပိုစတာပြိုင်ပွဲတွင် ဦးရဲထွဋ်အောင်(လောကနတ်ပန်းချီ)က ပထမဆု၊ မောင်ဇော်ထက် (သန်လျင်)က ဒုတိယဆု၊ဦးငွေအောင်(ကာတွန်းငွေအောင်)က တတိယဆုရရှိကြပြီး အထူးဆုများအဖြစ် မသဇင်စိုးမြင့်၊ မအေးအေးဖြူ၊ ဦးအောင်မိုး (ရှမ်းလေးပန်းချီ)၊ ဦးမျိုးဟန်(ရဲတပ်ကြပ်မျိုးဟန်)နှင့် ကိုဇော်ထက် (ကိုထက်)မန္တလေးတို့က အသီးသီးရရှိကြသည်။

ကွန်ပျူတာပန်းချီ အလယ်တန်းအဆင့်ပြိုင်ပွဲတွင် မောင်ကျော်ထက်နောင် အလက(၁)ဒဂုံက ပထမဆု၊ မောင်ထက်နိုင်လင်း အထက(၁)ဒဂုံက ဒုတိယဆု၊ မောင်ကောင်းမြတ်ထူး အထက(၂)စစ်တွေက တတိယဆုရရှိကြပြီး အထူးဆုများအဖြစ် မယုဝါအောင် အထက(၁)လမ်းမတော်၊မောင်ဖြိုးဟိန်းသွင် အထက(၄) အောင်မြေသာစံ၊ မသက်ပုံချစ် အလက(၁)ပုသိမ်၊ မောင်သက်ပိုင်စိုး အထက(၆)ပုသိမ်နှင့် မောင်ရဲနိုင်စိုး အထက(၈)မော်လမြိုင်တို့က အသီးသီးရရှိကြသည်။

ကွန်ပျူတာပန်းချီ အထက်တန်းအဆင့်ပြိုင်ပွဲတွင် မသရဖူအောင် အထက(၁)လမ်းမတော်က ပထမဆု၊ မောင်ဇောတိကမောင်မောင်မြင့် အထက(၃)ပဲခူးက ဒုတိယဆု၊ မအေးဖြူငြိမ်း အထက(၁)မန္တလေးက တတိယဆုရရှိကြပြီး အထူးဆုများအဖြစ် မောင်နိုင်အုပ်ကျော် အထက(၂)ကမာရွတ်၊ မအေးသီရိစိုး အထက(၁၆)ချမ်းအေးသာစံ၊ မောင်ကောင်းပြည့်ဝင်း(ပုသိမ်)၊ မောင်ပိုင်စိုးသူ အထက(၂)စစ်တွေနှင့် မမေသဥ္ဇာဦး အထက(ဟိုပင်)တို့က အသီးသီးရရှိကြသည်။

ကွန်ပျူတာ ဒစ်ဂျစ်တယ်ပိုစတာအလွတ်တန်းပြိုင်ပွဲတွင် ကိုစည်သူအောင် ဒဂုံတက္ကသိုလ်က ပထမဆု၊ မောင်မိုးထက်ကျော် ဗန်းမော်ဒီဂရီကောလိပ်က ဒုတိယဆု၊ မောင်မင်းထက်ကျော် တတိယနှစ်(စီးပွားရေး)က တတိယဆုရရှိကြပြီး အထူးဆုများအဖြစ် မောင်သူရိန်လင်း တောင်ကြီး(ဂျီစီစီ)၊ စိုင်းရစ်ချတ်ဂူးဘရိုင်း ပုသိမ်မြို့၊မောင်မိုးဇော်ဟိန်း၊ မောင်ရဲကျော်သာနှင့် ဦးမောင်ဦးတို့က အသီးသီးရရှိကြသည်။

ဓာတ်ပုံအလွတ်တန်းပြိုင်ပွဲတွင် ဦးသန်းဝေ(တောင်ကြီး)က ပထမဆု၊ဦးဝင်းမင်းထိုက်က ဒုတိယဆု၊ အောင်ကျော်ထွန်း(ပုသိမ်ကြီး)က တတိယဆုရရှိကြပြီး အထူးဆုများအဖြစ် အေးကေမိုး(သတ္တဗေဒ)၊ ဦးကျော်ကျော်ဝင်း၊ ဦးဇော်ဇော်ထွန်း(တောင်ကြီး)၊ ဦးသန်းအောင်(ပြန်/ဆက်)နှင့် ဦးကျော်ဝင်းလှိုင် (ယဉ်ကျေးမှုတက္ကသိုလ်)တို့က အသီးသီးရရှိကြသည်။

ပြိုင်ပွဲများ၌ ပထမ၊ဒုတိယ၊တတိယဆုရရှိကြသူများအား ၂၀၀၅ခုနှစ် ဇွန် ၂၆ ရက်တွင် ရန်ကုန်မြို့ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်၌ ဆုများချီးမြှင့်မည်ဖြစ်ပြီး ကျန်အထူးဆုရရှိကြသူများအား သက်ဆိုင်ရာ ပြည်နယ်/တိုင်း မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များက ဆုများချီးမြှင့်မည် ဖြစ်သည်။

(သတင်းစဉ်)

ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်

ရန်ကုန် ဇွန် ၁၆

ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ် ဗိုလ်ဆွန်ပက်လမ်း (အလယ်) လမ်း သာယာရေးကော်မတီက ကြီးမှူး၍ လမ်းအတွင်းရေမဝပ်ရေး၊ ရေစီးရေလာကောင်းမွန်စေရေးအတွက် လမ်းဝဲယာရှိ

ပင်မ ရေဆင်းမြောင်းမကြီးများအား နုန်းများ၊ အမှိုက်များ ရှင်းလင်းခြင်း၊ လုပ်ငန်းကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ရာသို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကြည်စန်း၊ ခေတ္တအတွင်းရေးမှူး ဦးအောင်စိုးတို့ ယနေ့နံနက်က လာရောက်ကြည့်ရှုစစ်ဆေးအားပေးရာ လမ်းသာယာရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်သန်း၊ အတွင်းရေးမှူး ဦးခင်မောင်ဝင်းနှင့် ကော်မတီဝင်များက လုပ်ငန်းဆောင်ရွက်နေမှုကို လိုက်လံရှင်းလင်းပြသသည်။ **(ဓါတ်ပုံ)**

အထက်ပါလမ်းသာယာရေးကော်မတီသည် ဗိုလ်ဆွန်ပက်(အလယ်) ဝဲယာ လူသွားစင်္ကြံများကို ရောင်စုံဘလောက်တုံးများ ခင်းကျင်းခြင်းအတွက် ကျပ်သိန်း ၈၀ အကုန်အကျခံ ကိုယ့်အားကိုယ်ကိုးဆောင်ရွက်ခဲ့ပြီး ဆက်လက်၍ လမ်းတွင်း အလင်းအားကောင်းသည့် ဆိုဒီယံမီးလုံးများတပ်ဆင်ရန် ဆောင်ရွက်လျက်ရှိသည်။ (၁၉)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၇–၆–၂၀၀၅ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၁၅	၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၂၅	၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၃၀	၆။ မျိုးချစ်တပ်မတော်
၄:၄၅	၇။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၀၀	၈။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Organization of Nervous System. (ပထမနှစ်စိတ်ပညာ)**
၅:၄၅	၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၁။ နိုင်ငံတကာသတင်း
၆:၂၀	၁၂။ မိုးလေဝသသတင်း
၆:၂၅	၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀	၁၄။ **ကာတွန်းအစီအစဉ် "ရှောင်လင်လူစွမ်းကောင်းလေး" (အပိုင်း–၆)**
၆:၅၀	၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "လေကစ်အတွက်လက်သီးတစ်ချက်" (အပိုင်း–၃)**
၈:၀၀	၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မြိုင်ဟေဝန်ကသိုင်းလုလင်" (အပိုင်း–၂၉)**
	၂၁။ သင့်အတွက်မနက်ဖြန်
	၂၂။ အပိတ်နှုတ်ဆက်စကား
	၂၃။ ပြီးပါပြီ။

မြန်မာအမျိုးသမီးများနေ့ကျင်းပရေး လုပ်ငန်းကော်မတီ ညှိနှိုင်းစည်းဝေး ခမ်းနားထည်ဝါစွာ ကျင်းပနိုင်ရေး ဝိုင်းဝန်းဆောင်ရွက်

ရန်ကုန် ဇွန် ၁၆

၂၀၀၅ခုနှစ် ဇူလိုင် ၃ရက် မြန်မာအမျိုးသမီးများနေ့ကျင်းပရေး လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အစည်းအဝေးသို့ ၂၀၀၅ခုနှစ် ဇူလိုင် ၃ရက် မြန်မာအမျိုးသမီးများနေ့ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့၊ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်နှင့် လုပ်ငန်းကော်မတီဝင်များ၊ လုပ်ငန်းအဖွဲ့ ခေါင်းဆောင်များနှင့် လုပ်ငန်းအဖွဲ့ဝင်များ၊ အထောက်အကူပြုအဖွဲ့နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အကြိုလှုပ်ရှားမှုအဖြစ် သစ်ပင်စိုက်ပျိုးရေးလုပ်ငန်း အဖွဲ့နှင့် အမျိုးသမီးရေးရာ နှစ်ပတ်လည် မဂ္ဂဇင်းထုတ်ဝေရေးလုပ်ငန်းအဖွဲ့တို့မှ အဖွဲ့ခေါင်းဆောင်များနှင့် မြန်မာအမျိုးသမီးများနေ့ အခမ်းအနား ကျင်းပရေး လုပ်ငန်းအဖွဲ့ ခေါင်းဆောင်များက လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ခမ်းနားထည်ဝါစွာ

ယင်းနောက် လုပ်ငန်းအဖွဲ့ အသီးသီး၏ ရှင်းလင်းတင်ပြချက်များ အပေါ် အစည်းအဝေးတက်ရောက် လာကြသူများက ဝိုင်းဝန်းဆွေးနွေးအကြံပြု တင်ပြကြပြီး အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က မြန်မာအမျိုးသမီးများနေ့ကို ခမ်းနားထည်ဝါစွာ ကျင်းပနိုင်ရေး ဝိုင်းဝန်းဆောင်ရွက်ကြရန် ပြောကြား၍ လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ကျင်းပ

၂၀၀၅ ခုနှစ် ဇူလိုင် ၃ ရက် မြန်မာအမျိုးသမီးများနေ့ ကျင်းပရေး လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကို ဗဟန်းမြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး၌ ကျင်းပစဉ်။

(သတင်းစဉ်)

မိုးကုတ်ဝိပဿနာ (၁၀)ရက်တရားစခန်း

ရန်ကုန် ဇွန် ၁၆

ပုဇွန်တောင်မြို့နယ် မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ (၁၇၂) သာသနာ့ဝေပုလ္လ တိုက်အုပ်ကျောင်းတွင် ဇူလိုင် ၂၃ရက်မှ ဩဂုတ် ၃ ရက်အထိ ၁၀ရက် တရားစခန်းပွဲ ကျင်းပမည်ဖြစ်ရာ ယင်းတရားစခန်းပွဲ၌ ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးကဝိသာရ (ဓမ္မာစရိယ) အရှင်သူမြတ်က ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် တရားတော်များကို ဟောကြားပြသမည်ဖြစ်၍ တရားစခန်းဝင်လိုသူများ ဖုန်း-၂၀၁၂၉၀သို့ ဇွန် ၂၃ရက်တွင် ပေးသွင်းနိုင်သည်။ (က-ပ)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာများရှင်းလင်းပွဲကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့် ရှင်းလင်းပြောကြားစဉ်။

(လယ်ယာ/ဆည်မြောင်း)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာများ ရှင်းလင်းပွဲ ကျင်းပ

ရန်ကုန် ဇွန် ၁၆

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာများ ရှင်းလင်းပွဲကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ပြည်လမ်း (၉)မိုင်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်နှင့် တွဲဖက်အထွေထွေအတွင်းရေးမှူး၊ အတွင်းရေးမှူး အဖွဲ့ဝင်များ၊ စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦး၊ တိုင်းရင်းသားရေးရာ လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ကျင်ခိုင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး၏ဇနီး ဒေါ်နီနီဝင်းနှင့် လုပ်ငန်းဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၏ ဇနီးများ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရှိ လုပ်ငန်း၊ ဌာနများမှ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဖွဲ့စည်းပုံအဆင့်ဆင့်နှင့် သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

အလှူငွေပေးအပ်

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်အား လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၏ဇနီး ဒေါ်နီနီဝင်းက လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ အလှူငွေနှင့် ဂုဏ်ပြုလက်ဆောင်ကို ပေးအပ်ရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ အလှူရှင်များက အလှူငွေများ အသီးသီးပေးအပ် လှူဒါန်းကြရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်က လက်ခံပြီး ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်ကာ အခမ်းအနားကို နံနက် ၁၁နာရီ မိနစ်၂၀တွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အမှတ် (၁၇) ရပ်ကွက် ဓမ္မာရုံတွင် မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးထွန်းဦးနှင့် ရုံးအဖွဲ့ဝင်များက နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးနိုင်ရေးအတွက် ကွင်းဆင်းဆောင်ရွက်ကြစဉ်။ (က-ပ)

ပြည်သူ့အကျိုးပြုလုပ်ငန်း

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ (၂၀၀၅)ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဇွန် ၁၂ရက်က မင်္ဂလာဒုံမြို့နယ် တိုက်နယ်ဆေးရုံကြီးဝင်းအတွင်း ဆေးရုံသန့်ရှင်းရေး၊ ချုံနွယ်အမှိုက်များ ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများတူးဖော်ခြင်းနှင့် မြက်များရှင်းလင်းခြင်းစသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူး မြသန်း (ငြိမ်း)နှင့် အမှုဆောင်အဖွဲ့ဝင်များနှင့် မြို့နယ်လူမှုရေး အဖွဲ့ အစည်းများ ပါဝင်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စစ်မှုထမ်းဟောင်း)

ပြင်ဆင်ဖတ်ရှုပါရန်

ယမန်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၁၁)၊ ကော်လံ(၁)၌ ပါရှိသည့် ရုပ်ရှင်သတင်းတွင် မြန္မာ ရုပ်ရှင်ထုတ်လုပ်ရေးအစား မြသရဖူ ရုပ်ရှင်ထုတ်လုပ်ရေးဟု ပြင်ဆင်ဖတ်ရှုပါရန်။ (ကြေးမုံ)

အမျိုးသားရေးဦးတည်ချက်များနှင့်အညီ ကြိုးပမ်းတည်ဆောက်

မျှော်မှန်းထားသည့် အမျိုးသားရေးပန်းတိုင်သို့ ချောမွေ့မြန်ဆန်စွာ ရောက်ရှိစေရေးအတွက် တိုင်းရင်းသားပြည်သူများအားလုံးက တိုင်းရင်းသား စည်းလုံးညီညွတ်ရေး စိတ်ဓာတ်၊ ပြည်ထောင်စု စိတ်ဓာတ် အခြေခံဖြင့် တက်ညီလက်ညီ ဆက်လက် လက်တွဲပူးပေါင်းပြီး မိမိနိုင်ငံတော်၏ အနာဂတ်ကို မိမိတို့၏ အမျိုးသားရေး ဦးတည်ချက်များနှင့်အညီ ကြိုးပမ်းတည်ဆောက်။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရင်းရင်းနှီးနှီး နှုတ်ဆက်

ဇွန် ၁၄ ရက်က လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံ တိုင်းရင်းသားပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်း–ရွှေဖုံး) (သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၁၆–၆–၂၀၀၅)

ကျောက်ဖြူ	၆ ဒသမ ၂၂ လက်မ
ရေး	၅ ဒသမ ၀၄ လက်မ
အမ်း	၃ ဒသမ ၉၈ လက်မ
စစ်တွေ	၃ ဒသမ ၇၈ လက်မ
ပူတာအို	၃ ဒသမ ၁၁ လက်မ
ပဲခူး	၂ ဒသမ ၄၀ လက်မ

၂၀၀၅–၂၀၀၆ခုနှစ် ဧရာဝတီတိုင်း မိုးစပါးဧက ၃၆သိန်း စိုက်ပျိုးရန်လျာထားချက်ပြည့်မီအောင် စိုက်ပျိုးရန်လို တစ်နှစ်သုံးသီးစိုက်ရန် လုံ့လဝီရိယစိုက် ဆောင်ရွက်

ရန်ကုန် ဇွန် ၁၆

ဧရာဝတီတိုင်း ပုသိမ်မြို့၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၁၅ ရက် နံနက်ပိုင်းတွင် ပုသိမ်မြို့မှ အင်္ဂပူမြို့နယ် ကွင်းကောက်ရှိ နယ်မြေခံတပ်ရင်းသို့ရောက်ရှိပြီး နယ်မြေခံတပ်ရင်း၏ ငရုတ်ကောင်းမျိုးပွားစိုက်ခင်းကိုလည်းကောင်း၊ ဟင်းသီးဟင်းရွက်စိုက်ခင်းကိုလည်းကောင်း၊ အစေ့ချနည်းဖြင့် စိုက်ပျိုးထားသည့် ငရုတ်စိုက်ခင်းကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ✧

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း အင်္ဂပူမြို့နယ် တပ်ကုန်းကျေးရွာအနီးရှိ ကညင်ရေလျှောင်တမံ စီမံကိန်းလုပ်ငန်းခွင်တွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)